ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ စနေနေ့။ Saturday, 2 July 2022 ၁၀၇၈၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

## NSA တွင် ရွေးချယ်ထားသော ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များ၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေး၊ အားကစားနှင့် ဆေးပညာရပ်များ သင်ကြားသွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Naypyitaw State Academy Main အဆောက်အအုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Naypyitaw State Academy (NSA) တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက Naypyitaw State Academy တည်ဆောက်ပြီးစီးပါက သင်ကြားရေးအတွက် မဟာဌာနများနှင့် အုပ်ချုပ်ရေးဌာနများတွင် ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန်လျာထားမှု၊ သင်ကြားမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပညာရေးဝန်ထမ်းများ ခန့်အပ်ရာတွင် စနစ်တကျ စိစစ်ရွေးချယ် ခန့်အပ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပေးအပ်သွားမည့် ဘွဲ့အမျိုးအစားများ လျာထားမှု၊ အဆောက်အအုံများအလိုက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

မြန်မာအမျိုးသမီးတို့၏ မြတ်နိုးဖွယ်ဂုဏ်ရည်များ
ဆောင်းပါး
စာမျက်နှာ » ၆

ဗန်ကောက်-ရန်ကုန် လေကြောင်းလိုင်း သုံးလိုင်းမှ တိုက်ရိုက်ပျံသန်းပြေးဆွဲ
စာမျက်နှာ » ၁၅

နာဂဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် ချင်းတွင်းတံတား(ထမံသီ)
ဆောင်းပါး စာမျက်နှာ » ၁၇



ကြေးမုံ

# ရပ်ရွာလုံခြုံအေးချမ်းရေး ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်

မြန်မာနိုင်ငံတွင် အကြမ်းဖက်အဖွဲ့များဖြစ်သည့် CRPH နှင့် NUG နိုင်ငံရေးအစွန်းရောက်သမားများ၏ သွေးထိုးလှုံ့ဆော်ထောက်ပံ့မြောက်ပင့်ပေးမှုများကြောင့် ပြည်တွင်းမှ PDF အမည်ခံအကြမ်းဖက်သမားများက တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူငယ်လူရွယ်များ၏ အနာဂတ်အား ဖျက်ဆီးနေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။ ယခုရက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာဖြင့် တိုက်ခိုက်နှောင့်ယှက်မှုကြောင့် အပြစ်မဲ့ပြည်သူများ စိုးရိမ်ထိတ်လန့်ဖြစ်ကြပြီး ထိခိုက်သေဆုံးမှုများလည်းရှိခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များကို ဆန်းစစ်ကြည့်လျှင် မြို့ပေါ်တွင် အလစ်အငိုက်ချောင်းမြောင်းတိုက်ခိုက်မှု၊ ဗုံးထောင်မိုင်းခွဲမှုအချို့ရှိပြီး ယင်းတို့ကို လုံခြုံရေးတပ်ဖွဲ့များက ရှာဖွေရှင်းလင်း ထိန်းသိမ်းနိုင်သည်ကို တွေ့ရသည်။ ကျေးလက်ဒေသများ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှ ကျေးလက်များတွင်မူ အကြမ်းဖက်မှုများ မကြာခဏပေါ်ပေါက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လုံခြုံရေးအလှမ်းဝေးမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ နယ်မြေဒေသကျယ်ပြန့်မှုတို့ကြောင့် အကြမ်းဖက်အဖျက်သမားများ ခေါင်းထောင်နေ၊ အတင့်ရဲနေသည်ကိုတွေ့ရသည်။ ယင်းကို ပြည်သူများပူးပေါင်းပါဝင်သည့် လုံခြုံရေးစနစ်ဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။

လုံခြုံရေးအဖွဲ့အစည်းများအနေဖြင့် နယ်မြေဒေသကျယ်ပြန့်သည့် နေရာများတွင် ပြည်သူများလုံခြုံရေးကို လွှမ်းခြုံဆောင်ရွက်ပေးရန်အတွက် လိုအပ်ချက်များရှိမည်ဖြစ်သည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် ကာကွယ်ရေးစနစ်လိုအပ်လာသည်။ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းထားသည့် ကျေးရွာများရှိသည်။ ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းရာတွင် ၁၉၅၉ ခုနှစ် ပြည်သူ့စစ် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းရန်အတွက် နယ်မြေအေးချမ်းသာယာမှုမရှိသောဒေသများ၊ နယ်မြေအခက်အခဲဖြစ်သည့်ဒေသများရှိ ပြည်သူလူထုက သက်ဆိုင်ရာသို့ လျှောက်ထားရသည်။ လျှောက်ထားလာမှုအပေါ် နိုင်ငံတော်က အဆင့်ဆင့်ဆုံးဖြတ်၍ ဖွဲ့စည်းပေးရသည်။ ထို့နောက် ပြည်သူ့စစ်အဖွဲ့ကို စနစ်တကျဖွဲ့စည်းရသည်။

ပြည်သူ့စစ်အဖွဲ့ကို အရန်အဖွဲ့၊ ပင်မအဖွဲ့၊ အထောက်အကူအဖွဲ့ဟူ၍ ဖွဲ့စည်းရသည်။ လက်နက်တပ်ဆင်ရာတွင်လည်း လိုအပ်သောလက်နက်သာ တပ်ဆင်ရသည်။ ထို့အပြင် လိုအပ်သည့် လုံခြုံရေးဆိုင်ရာသင်ကြားမှုများ၊ စည်းမျဉ်းစည်းကမ်းများကို လုံခြုံရေးအဖွဲ့အစည်းများအတိုင်း လိုက်နာဆောင်ရွက်ရသည်။ နိုင်ငံအတွင်း ဖွဲ့စည်းပေးထားသော ပြည်သူ့စစ်များသည် အထက်ပါအတိုင်း စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ကျေးရွာတစ်ရွာတွင် ပြည်သူ့စစ်ဖွဲ့စည်းထားပါက အကြမ်းဖက်သမားများက ဝိုင်းဝန်းတိုက်ခိုက်မှုများ ကြုံတွေ့ရသဖြင့် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ထောက်ပံ့ဖြည့်ဆည်းပေးမှုများ ပြုလုပ်ပေးလျက်ရှိသော်လည်း လိုအပ်ချက်များ ရှိနေသေးသည်။

နယ်မြေဒေသအသီးသီးရှိ ဒေသခံပြည်သူများအနေဖြင့် မိမိရပ်ရွာလုံခြုံရေး၊ မိမိတို့မိသားစုဝင်များလုံခြုံရေးကိုရှေးရှု၍ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ ဖွဲ့စည်းဆောင်ရွက်ကြသည့်အတွက် နိုင်ငံတော်အနေဖြင့်၊ တပ်မတော်အနေဖြင့် လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြသည့်အတွက် အသိအမှတ်ပြုကျေးဇူးတင်လျက်ရှိသည်။ ပြည်သူ့စစ်အဖွဲ့များအနေဖြင့် လိုအပ်ချက်များရှိပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများသို့ တင်ပြလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများက ပေါင်းစပ်ညှိနှိုင်းပြီး အကောင်းဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အကောင်းဆုံးကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်အဖွဲ့များအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ထိတွေ့တင်ပြဆောင်ရွက်ကြရန် လိုအပ်ပေသည်။

လက်ရှိတွင် နိုင်ငံရေးအရောင်အသွေးပယောဂမရှိသည့် ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ရင်သွေးငယ်များ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် စွန့်စားကြိုးပမ်းကာကွယ်စောင့်ရှောက်ကူညီနေကြသည်ကို တွေ့ရသည်။ ထိုသို့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာဒေသလုံခြုံအေးချမ်းရေးအတွက် မွန်မြတ်သောစေတနာဖြင့် စွန့်စားဆောင်ရွက်နေကြသူများအား အသိအမှတ်ပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ လုံခြုံအေးချမ်းပြီး ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းများအဖြစ် ရပ်တည်နေထိုင်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးကျော်စွာသွင် | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာ စိုးစိုးအေး | ပါမောက္ခချုပ်<br>ဘားအံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ပါမောက္ခ ဒေါက်တာကျော်သီဟ<br>ပါမောက္ခ / ဌာနမှူး<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ခ) ဦးမြင့်ဆွေ<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဥက္ကဋ္ဌရုံးအဖွဲ့<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံးအဖွဲ့<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၁

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၁၄၂ | ၁၀၅,၀၈၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၃,၆၄၀ | ၉၆၄,၆၀၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၅ | ၃၆,၅၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၅၅၀ | ၂,၅၀၀ | ၄၃၅ | ၁,၀၉၅,၆၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂၆,၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၅.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၆.၂၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၉၃၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၉.၇၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၁၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၀.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၇.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၃.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၆၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။

- ❖ **သင်ကြားရေးအတွက် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ရာတွင် နေပြည်တော်ရှိ ဝန်ထမ်း မိသားစုများ၏ သားသမီးများနှင့် နေပြည်တော် ရှစ်မြို့နယ်မှ သတ်မှတ်အရည်အချင်း ကိုက်ညီသူများကို အဓိကထားရွေးချယ်ရန်လိုပြီး ဘာသာရပ်အလိုက် ထူးချွန်သူများကို ဦးစားပေးရွေးချယ်ကြရမည်**
- ❖ **ယခုနှစ် ပညာသင်နှစ်မှစ၍ တတိယနှစ်နှင့် စတုတ္ထနှစ် Day ကျောင်းသားများကို လက်ခံသင်ကြားပေးနိုင်ရေး ဆောင်ရွက်**
- ❖ **အဓိကကျသည့် ဘာသာရပ်များကို စနစ်တကျဖြင့်သင်ကြားပေးပြီး နိုင်ငံအတွက်လိုအပ် လျက်ရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်ရမည်**
- ❖ **ယခုတက္ကသိုလ်တွင် အဆင့်မြင့်ပညာပါရဂူဘွဲ့များ ပေးအပ်နိုင်သည်အထိ သင်ကြားပေးမည်**

❂ **ရှေ့ဖုံးမှ**

သင်ကြားရေးဌာနများ ဖွင့်လှစ်ဆောင်ရွက်ရန် လျာထားမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သင်ကြားရေးနှင့်ပတ်သက်၍ နေပြည်တော်သည် အစိုးရရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်သားသမီးများ များစွာရှိသော်လည်း အဆင့်မြင့်ပညာသင်ကြားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောတက္ကသိုလ်များသာရှိပြီး အခြားတက္ကသိုလ်မရှိကြောင်း၊ ဝန်ထမ်းမိသားစုများရှိ မျိုးဆက်သစ်သားသမီးများ၏ပညာရေး အဆင့်မြှင့်တင်ရာတွင် အဆင့်မြင့်ပညာရေး အဆောက်အအုံနှင့် သင်ကြားရေးဌာနများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူအသီးသီးနှင့် တိုင်ပင်ဆွေးနွေး၍ Naypyitaw State Academy စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ **ယခု တက္ကသိုလ်နေရာသည် ယခင်အားကစားတက္ကသိုလ်အဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အကြောင်းအမျိုးမျိုးဖြင့် အားကစားတက္ကသိုလ် မဖွင့်နိုင်ခဲ့ကြောင်း၊ ယင်းကိုအခြေခံ၍ တက္ကသိုလ်အင်္ဂါရပ်နှင့် ပြည့်စုံအောင် အဆောက်အအုံများ ဖြည့်တင်းတည်ဆောက်ခြင်းဖြစ်ကြောင်း၊** စီမံကိန်းအတွင်း လိုအပ်သည့် သင်ကြားရေးအဆောက်အအုံများ၊ အုပ်ချုပ်မှုအဆောက်အအုံများဆောက်လုပ်ရာတွင် စနစ်တကျတွက်ချက်ပြီး ရေရှည်ကိုမြော်တွေး၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုစီမံကိန်းနှင့်ပတ်သက်၍ အခေါ်အဝေါ်သတ်မှတ်ခြင်းနှင့် ဌာနဖွဲ့စည်းမှုများကို သတ်မှတ်ရာ၌ အခြားနိုင်ငံကြီးများတွင် အသုံးပြုသည့် ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများနှင့် လုပ်နည်းစနစ်များကို လေ့လာဆောင်ရွက်၍ စနစ်တကျ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေးအတွက် ကျောင်းသား ကျောင်းသူများကို ရွေးချယ်ရာတွင် နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများ၏ သားသမီးများနှင့် နေပြည်တော် ရှစ်မြို့နယ်မှ သတ်မှတ်အရည်အချင်း ကိုက်ညီသူများကို အဓိကထား ရွေးချယ်ရန်လိုပြီး ဘာသာရပ်အလိုက် ထူးချွန်သူများကို ဦးစားပေးရွေးချယ်ကြရမည်ဖြစ်ကြောင်း၊ ယခုနှစ် ပညာသင်နှစ်မှစ၍ တတိယနှစ်နှင့် စတုတ္ထနှစ် Day ကျောင်းသားများကို လက်ခံသင်ကြားပေးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့မှတစ်ဆင့် ပညာသင်နှစ်အလိုက် ဆင့်ကဲ့ဆင့်ကဲစနစ်ဖြင့် ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသားများကို ဆက်လက်ခေါ်ယူ သင်ကြားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ် ကျောင်းတက်ရောက်သူများအနေဖြင့် မိမိတို့၏နေအိမ်များမှ ကျောင်းတက်ရောက်နိုင်ရေးအတွက် ဖယ်ရီ ကြို၊ ပို့ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး နောင်တွင် တက္ကသိုလ်ရှိအဆောင်များတွင် နေထိုင်၍ တက်ရောက်သင်ကြားနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ **NSA တွင် ရွေးချယ်ထားသော ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များ၊ စီးပွားရေး၊ ဥပဒေ၊ လူမှုရေး၊ အားကစားနှင့်ဆေးပညာရပ်များ သင်ကြားသွားမည်ဖြစ်ကြောင်း၊** အဓိကကျသည့် ဘာသာရပ်များကို စနစ်တကျဖြင့် သင်ကြားပေးပြီး နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် အဆင့်မြင့်ပညာ ပါရဂူဘွဲ့များ ပေးအပ်နိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် နေပြည်တော်တက္ကသိုလ်တို့သည် နိုင်ငံ၏ထိပ်တန်းတက္ကသိုလ်များဖြစ်အောင် ဆောင်ရွက်ရန်လိုပြီး ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များစာရင်းတွင် ပါဝင်နိုင်သည်အထိ လုပ်ဆောင်ပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်ကြရန်လိုကြောင်း။

**တစ်ဆင့်ချင်းလုပ်ဆောင်**

ဆောက်လုပ်ရေးနှင့် ပတ်သက်၍ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေရှည်တည်တံ့ ကောင်းမွန်စေရန်အတွက် စနစ်တကျတွက်ချက်၍ မြော်တွေးဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဆရာ ဆရာမများအတွက် နေထိုင်ရေးအဆောက်အအုံများကိုဦးစားပေးအနေဖြင့် တည်ဆောက်သွားရန်လိုပြီး ကျောင်းဆောင်များ ဆောက်လုပ်ရာတွင် ဂုဏ်ထူးတန်းများအတွက်လည်း ကြိုတင်စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ အဆင့်မြင့်ပညာသင်ကြားရေးတွင် ဓာတ်ခွဲခန်းနှင့် စာကြည့်တိုက်များသည် မဖြစ်မနေလိုအပ်ပြီး E-library ကိုလည်း တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ဧည့်ပါမောက္ခ၊ ဧည့်ဆရာ၊ ဆရာမများ တည်းခိုနေထိုင်ရေးအတွက်လည်း ကြိုတင်စဉ်းစားထားရန်လိုကြောင်း၊ အဆောက်အအုံများ စနစ်တကျ ပြည့်စုံစွာ တည်ဆောက်နိုင်ရေးအတွက် တစ်ဆင့်ချင်း စဉ်းစားပြီး လုပ်ဆောင်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Naypyitaw State Academy Main အဆောက်အအုံကြီး အတွင်း လှည့်လည်၍ စာသင်ခန်းမဆောင်များ၊ သင်ထောက်ကူပြုပစ္စည်းများ ခင်းကျင်းထားရှိမှု၊ Hall ခန်းမကြီး တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကုန်ကျစရိတ်သက်သာပြီး အဆင့်မီစေရန်၊ ဂုဏ်သိက္ခာနှင့် လျော်ညီမှုရှိစေရန် စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

အဆိုပါ Naypyitaw State Academy စီမံကိန်းကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက်ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် ယခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီလခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ပညာသင်ကြားမှုများ အဆင်ပြေချောမွေ့စေရန်အတွက် စာသင်ဆောင်များ၊ စုဝေးခန်းမကြီး၊ သင်ကြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ရုံးခန်းများ၊ စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကို ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ နေပြည်တော်ရှိ အစိုးရဝန်ထမ်းများ၏ သားသမီးများ အပါအဝင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ဒေသခံပြည်သူများ၏ သားသမီးများ အနေဖြင့်လည်း အဆင့်မြင့်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



Naypyitaw State Academy(NSA)စီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ ဦးလှမောင်ရွှေနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရလဒ်ကောင်းများရရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၁

အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr. Prak Sokhonn နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)KNU/KNLA(PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စရပ်များကိုဆွေးနွေးပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက အဖွဲ့အလိုက် မိတ်ဆက်စကားပြောကြားကြပြီး တစ်ဖွဲ့ချင်းစီ၏ သဘောထားအမြင်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား KNU/KNLA(PC)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးက ကျေးဇူးတင်စကားပြောကြားပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Prak Sokhonn က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နေပြည်တော်မှ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၁

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် မစ္စတာ ပရပ်ဆုတ်ခွန်းသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသည်။ ဧည့်သည်တော်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး ဦးအောင်စိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်နှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်ရှိန်တို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော်　ဇူလိုင်　၁**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော် သတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ကျင်းပသည်။

**ပြည်သူ့အကျိုးအတွက်**




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ဌာနကြီးတစ်ခုဖြစ်သည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ၁၉၇၂ ခုနှစ်တွင် သတင်းနှင့်စာနယ်ဇင်း ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းထားရာမှ ၁၉၉၈ ခုနှစ် ဧပြီ ၁ ရက်တွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည့်အတွက် ယခုအခါ ၂၄ နှစ်တာကာလကို ကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၄ နှစ်ပြည့်မြောက်သည့် ကာလတွင် ဘယ်လိုတိုးတက်မှုတွေ၊ အောင်မြင်မှုတွေ ရှိခဲ့သလဲ၊ ဘယ်လိုအခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိခဲ့သလဲဆိုတာတွေကို ပြန်လည်သုံးသပ်ကြည့်ရမှာဖြစ်သလို အနာဂတ်ကို ဘယ်လိုဆက်သွားရမယ်ဆိုတာတွေကို မြော်တွေးလုပ်ကိုင်ကြရမှာဖြစ်ကြောင်း။

မီဒီယာသည် နိုင်ငံအတွက် များစွာအရေးကြီးကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နိုင်ငံအတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ ပြည်သူကိုဝန်ဆောင်မှုများ ပေးလျက်ရှိရာ သွက်လက်ထက်မြက်မှု၊ နည်းပညာ သစ်လွင်မှုများနှင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆက်လက်ဖော်ဆောင်သွားစေလိုကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ရာ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးစိုးစိုးနိုင်က လက်ခံရယူစဉ်။

နှစ်ပေါင်း ဉာဏ်မျှကြာမြင့်အောင် ထိန်းသိမ်းဖြစ်တည်လာခဲ့သည့်ဌာနကြီးကို လက်ဆင့်ကမ်းပြီး အရည်အသွေး၊ အရည်အချင်း တိုးတက်မြင့်မားအောင် ဆောင်ရွက်လျက်ရှိသည့် ဌာနအကြီးအကဲများ၊ စာတည်းမှူးချုပ်များနှင့် စာတည်းအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ ဝန်ထမ်းများအပါအဝင် ပြင်ပမှ ဝိုင်းဝန်းကူညီအားဖြည့်ပေးသည့် စာရေးဆရာကြီးများ၊ ပြင်ပသတင်းထောက်များ၊ စာဖတ်ပရိသတ်များ၊ သတင်းစာကိုယ်စားလှယ်ကြီးများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူအားလုံးကို ကျေးဇူးတင်ရှိသည်ဟု ဂုဏ်ပြုပြောကြားလိုကြောင်း။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ နှစ်ပေါင်း ၂၄ နှစ်တာကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူအကျိုးအတွက် ဆောင်ရွက်ခဲ့သည့် ကြိုးပမ်းအားထုတ်မှုအားလုံးကို ပြည်ထောင်စုဝန်ကြီးအနေဖြင့် အသိအမှတ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အလင်း သတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က Myanmar Digital News နှင့် ရုံးချုပ် (သတင်းဌာန) တို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဆုရရှိသော ဌာနများအလိုက် ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အငြိမ်းစား စာတည်းမှူးချုပ် နှစ်ဦးက မှဒိတာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မျိုးဆက်သစ်များအနေဖြင့် တိုးတက်ပြောင်းလဲမှုနှင့်အညီ အတတ်ပညာ၊ နည်းပညာသစ်များကို အမီလိုက်နိုင်ရန် အစဉ်ကြိုးစားအားထုတ်နေရမည်

**နေပြည်တော်　ဇူလိုင်　၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုသည့်အခမ်းအနားသို့တက်ရောက်သည်။

**စဉ်ဆက်မပြတ် လေ့လာသင်ယူ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားဖြစ်ကြောင်း၊ မျိုးဆက်သစ်များအနေဖြင့် တိုးတက်ပြောင်းလဲမှုနှင့်အညီ အတတ်ပညာ၊ နည်းပညာသစ်များကို အမီလိုက်နိုင်ရန် အစဉ်ကြိုးစားအားထုတ်နေရမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းအတွက် ဘွဲ့လက်မှတ်တစ်ခု၊ Certificate တစ်ခုရရုံနှင့် ရောင့်ရဲမနေကြဘဲ Life Long Learning ဆိုသည့်အတိုင်း စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန် မှာကြားလိုကြောင်း၊ ယနေ့ခေတ် လူငယ်များအနေဖြင့် IT နည်းပညာ၊ စီးပွားရေးပညာ၊ ဆေးပညာ၊ စက်မှုပညာ၊ ရေကြောင်းပညာ၊ လေကြောင်းပညာစသည်ဖြင့် လေ့လာသင်ယူစရာ ပညာရပ်အများအပြားရှိသည့်အနက် မိမိဝါသနာပါရာ အသက်မွေးဝမ်းကျောင်း အဆင့်မြင့်ပညာရပ်များကို ရွေးချယ်သင်ယူကြရန် တိုက်တွန်းလိုကြောင်း၊ သင်ကြားရသည့် အတတ်ပညာဘာသာရပ်အပေါ် ကိုယ်တိုင်စိတ်ပါဝင်စားမှသာလျှင် ယင်းပညာရပ်၌ ထူးချွန်ထက်မြက်သူများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ဒုတိယဝန်ကြီးက လေးဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မခင်သော်တာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**၁၀၉ ဦး ဂုဏ်ထူးများဖြင့် အောင်မြင်**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး ၂၄၆ ဦး အောင်မြင်ခဲ့ပြီး ၎င်းတို့အနက်မှ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၇ ဦး စုစုပေါင်း ၁၀၉ ဦး ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ရရှိခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ချီးမြှင့်ပေးအပ်သော Professional Engineer (PE) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရ အရာထမ်း နှစ်ဦး၊ မြန်မာနိုင်ငံစာရင်းအင်းကောင်စီမှ ကျင်းပသော Certified Public Accountant (CPA) Part II အောင်မြင်ခဲ့သည့် အရာထမ်းနှစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာအမျိုးသမီးတို့၏ မြတ်နိုးဖွယ်ဂုဏ်ရည်များ

ဝတ်ရည်ခင်(ပဲခူး)

မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်တွင် ထုံးဓလေ့အစဉ်အလာကောင်းများကို မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသော မြန်မာအမျိုးသမီးများ၏ ဆောင်ရွက်ချက်များကို ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော စာပေများတွင် အထင်အရှားတွေ့မြင်ရသည်။ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူယှဉ်တွဲ ရပ်တည်ခဲ့သည့် အစဉ်အလာကို မြန်မာစာအရေးအသားစတင်သည့်ကာလမှာပင် အထင်အရှားတွေ့ရပါသည်။ ရာဇာကုမာရ်ကျောက်စာ (မြစေတီကျောက်စာ၊ ခရစ်နှစ် ၁၁၁၂ ခန့်)တွင် အရိမဒ္ဒနပူရ ပုဂံပြည့်ရှင် ဂီတြိဘုဝနာဒိတျ ဓမ္မရာဇာဘွဲ့ခံ ကျန်စစ်သားမင်းကြီးနှင့်အတူ မင်းကြီး၏မိဖုရားဖြစ်သော တြိလောကဝဋံသကာဒေဝီ (သုံးလောကဦးဆောက်ပန်း)၏အမည်ကို တန်းတူယှဉ်တွဲဖော်ပြထားသည်ကို တွေ့ရသည်။ လောကသုံးပါးတွင် ဦးခေါင်း၌ စိုက်ထိုးပန်ဆင်ရသောပန်းဟူ၍ အဓိပ္ပာယ်ရသောထိုဘွဲ့အမည်သည် မိဖုရားကြီး၏ မြတ်နိုးဖွယ်ဂုဏ်ရည်ကို ဖော်ပြထားရှိပါသည်။ ကျန်စစ်သားမင်းကြီးသည် ဦးဆောက်ပန်းမိဖုရားကို ချစ်မြတ်နိုးသည့်အလျောက် ရတနာအဆင်တန်ဆာများနှင့်တကွ ကျွန်သုံးရွာကိုအပိုင်စားပေးသနားခဲ့ကြောင်း ကျောက်စာတွင်မှတ်တမ်းတင်ရှိပါသည်။ ခင်ပွန်းသည်ချစ်မြတ်နိုးသော ဇနီးသည်တစ်ဦး၏ အခန်းကဏ္ဍကို ကျောက်စာတွင်ဖော်ပြထားရှိပါသည်။

ပုဂံခေတ် မြန်မာအမျိုးသမီးများသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည်နှင့်အညီ စိတ်နှလုံးသိမ်မွေ့အေးချမ်းကြသည်။ ဗုဒ္ဓ၏အဆုံးအမကို အခြေပြုသော ထုံးဓလေ့အစဉ်အလာများကို ခံယူကျင့်သုံးကြသည်။

### ပုဂံခေတ်က အမျိုးသမီးအမတ်ရှိ

အုပ်ချုပ်ရေးတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လှုပ်ရှားဆောင်ရွက်ကြကြောင်းတွေ့ရသည်။ ကလန်၊ သံပျင်၊ သံဖမိ (တရားသူကြီး)ဟူသော ရာထူးများနှင့်ယှဉ်တွဲ၍ အမျိုးသမီးအမည်များ တွေ့ရသည်။ မင်းအမတ်အစလပိစည်သည် ဘုရားတွင် ကျွန်များလှူကြောင်း ဖော်ပြရာ၌ ဤကျွန်ကား ငါ့မိ၊ ငါ့ဖမှလာသော ကျွန်လည်းမဟုတ်၊ ငါ့လင်မိဖမှလာသော ကျွန်လည်းမဟုတ်ဟု ဖော်ပြသည်ကိုထောက်၍ မင်းအမတ်အစလပိစည်မှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ပုဂံခေတ်က အမျိုးသမီးအမတ်ရှိကြောင်း သိရသည်။



မြန်မာအမျိုးသမီးများသည် အစဉ်အလာကောင်းများကို အဆက်ဆက်ထိန်းသိမ်းခဲ့သည်။ ပုဂံခေတ်နှောင်းပိုင်းတွင် မင်းဗိုင်းရေး၊ ရာဇသူ၊ သစ်မတီးဖွားစောဟူ၍ ပညာရှင်များဖော်ညွှန်းသော စောအမည်ခံမိဖုရားကြီးများ ပေါ်ပေါက်ခဲ့ရာ ထိုမိဖုရားကြီးများသည် ခင်ပွန်းဖြစ်သော ဘုရင်မင်းတို့၏ အရေးကိစ္စများတွင် များစွာကူညီဆောင်ရွက်ပေးကြကြောင်းတွေ့ရသည်။ ဩဇာအရှိန်အဝါလည်းကြီးကြသည်။

ပင်းယခေတ် ငါးစီးရှင်ကျော်စွာ၏ တောင်အိမ်တော်သခင်မိဖုရားကြီးမင်းဆက် ငါးသွယ်ရှင်ဘို့မယ်၊ နန်းလယ်လင်သည်ဟု စာဖွဲ့ရသော အင်းဝခေတ်က မိဖုရားရှင်ဘို့မယ်၊ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ သမီးတော်ဘုရင်မကြီး ရှင်စောပုတို့သည် ကုန်းဘောင်ခေတ်၊ မင်းတုန်းမင်း၏မိဖုရားကြီး စကြာဒေဝတီအထိ မိဖုရားကြီးများသည် မြန်မာအမျိုးသမီးများ၏ အရေးပါသောအခန်းကဏ္ဍမှ ရပ်တည်ရာ အစဉ်အလာကို ထိန်းသိမ်းခဲ့ကြသည်။

### အမျိုးသမီး စာဆိုတော်

စာပေကဏ္ဍတွင်လည်း ပုဂံခေတ်တွင် ရဟန်းကိုပင် စာပေပို့ချသည့် သံပျင်မင်းသမီးမှသည် မိဖြူ၊ မိညို၊ ဇင်းမယ်မိဖုရား၊ ရာဇဓာတုကလျာ၊ ရဝေရှင်ထွေး၊ တောင်တွင်းရှင်ငြိမ်းမယ်၊ မယ်ခွေ၊ ရှင်မင်း၊ သမင်မင်းမိ၊ ခင်ဆုံ၊ အနောက်နန်းမမြလေး၊ လှိုင်ထိပ်ခေါင်တင် စသည့်အမျိုးသမီးစာဆိုရှင်များနှင့် ကိုလိုနီခေတ်တွင် မေတ္တာစာများရေးဖွဲ့ခဲ့သော မြို့အုပ်ကတော်သုံးဆယ်သူ မမိအထိ အမျိုးသမီးစာဆိုများသည် စာပေဆိုင်ရာထုံးဓလေ့အစဉ်အလာများကို ထိန်းသိမ်းကာစာကောင်းပေမွန်များ ရေးဖွဲ့ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးချိန်မှစ၍ အမျိုးသမီးစာဆိုတော်တို့၏အင်အားသည် ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာပါသည်။

မြန်မာအမျိုးသမီးများသည် ဗုဒ္ဓ၏အဆုံးအမများဖြင့် ထုံမွမ်းအပ်သော ထုံးဓလေ့အစဉ်အလာများဖြစ်သည့် ဘာသာတရားကိုင်းရှိုင်းမှု၊ ခင်ပွန်းသည်နှင့် အတူကူညီဆောင်ရွက်မှု၊ ဟီရိဩတ္တပ္ပထိန်းသိမ်းမှု၊ အမျိုးသမီးများ ကျင့်သုံးမှုဟူသည့် အစဉ်အလာကောင်းများကို အစဉ်အဆက် မြတ်နိုးလေးစားစွာ ခံယူကျင့်သုံးကြသည်။

မြန်မာအမျိုးသမီးများသည် ဘာသာတရားအဆုံးအမဖြင့် ကြီးပြင်းလာရသည့်အလျောက် ကိုယ်ကျင့်တရားစောင့်ထိန်းရေးနှင့် ပတ်သက်သည့် အဆုံးအမများ လမ်းညွှန်ချက်များကို ငယ်စဉ်ကပင် လေးစားစွာ လိုက်နာကျင့်သုံးကြရသည်။ သမီးအဖြစ်၊ နှမအဖြစ်၊ မိခင်အဖြစ် ကြီးပြင်းလာရသော ဘဝတစ်လျှောက်လုံးတွင် မိသားစုချမ်းမြေ့ရေးအတွက် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရင်း ကိုယ်ကျင့်တရားစောင့်ထိန်းမှုကို တစ်ပါတည်း ကျင့်သုံးဆောင်ရွက်သွားကြမြဲဖြစ်သည်။

### ကိုယ်ကျင့်တရားကို စောင့်ထိန်း

မြန်မာ့လူ့အဖွဲ့အစည်းကလည်း အမျိုးသမီးများ ကိုယ်ကျင့်တရားပျက်ယွင်းမှုကို လက်မခံဘဲ ပြင်းပြင်းထန်ထန် တုံ့ပြန်လေ့ရှိသည့်အလျောက် မြန်မာအမျိုးသမီးများသည် အတိမ်းအစောင်းမရှိအောင် ကိုယ်ကျင့်တရားကို စောင့်ထိန်းကြသည်။ မြန်မာအမျိုးသမီးများသည် မေတ္တာတရား၊ သစ္စာတရားကိုတန်ဖိုးထားသည်။

မိန်းမကောင်းပန်းပန်၊ တစ်ပွင့်တည်းဟူသော ဆိုရိုးစကားတွင် ရုပ်ဆင်းအင်္ဂါပြည့်စုံသော အမျိုးသမီးသည် ပန်းတစ်ပွင့်ပန်ရုံဖြင့် တင့်တယ်သည်ဟူသောအဓိပ္ပာယ်သာမက မိမိချစ်မြတ်နိုးသူ ခင်ပွန်းတစ်ဦးတည်းကိုသာလျှင် သေတစ်ပန်၊ သက်တစ်ဆုံး သစ္စာရှိစွာ ပေါင်းသင်းသွားမည် ဟူသောအဓိပ္ပာယ်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူနိုင်သည်။ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလာ၊ တော်လေးဝဟူသောစကားနှင့်အညီ ခင်ပွန်းသည်တို့အပေါ်တွင် တော်တည့်ဖြေဖြောင့်မတ်သော သစ္စာတရားထားရှိသည့် အမျိုးသမီးလေးဦးသည် မြန်မာအမျိုးသမီးများအတွက် စံပြများဖြစ်သည်။ ထိုအမျိုးသမီးများကို စံနမူနာပြုလျက် ကိုယ်ကျင့်တရားစောင့်ထိန်းရင်း မြန်မာအမျိုးသမီးများကို အမြဲသတိပေးနေသကဲ့သို့ရှိသည်။

မကောင်းမှုပြုရန်ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရိဩတ္တပ္ပတရားနှစ်ပါးသည် လောကကို စောင့်ရှောက်သော လောကပါလတရားများဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အဆက်ကပင် ဟိရိဩတ္တပ္ပဟူသော အရှက်အကြောက်ကို ထိန်းသိမ်းခဲ့ကြသည်။

မိန်းမတို့ ဣန္ဒြေရွှေပေးမရဟူသော ဆိုရိုးစကား၊ ဗိုင်းကောင်းကျောက်ဖိဟူသော တင်စားမှုတို့က မြန်မာအမျိုးသမီးများ၏ ဣန္ဒြေပြည့်စုံမှု၊ အရှက်အကြောက်ထိန်းသိမ်းမှုကို ဖော်ပြလျက်ရှိသည်။

ဝတ်စားဆင်ယင်မှုဆိုင်ရာတွင် အစောဆုံးအထောက်အထားအဖြစ် တရုတ်မှတ်တမ်းများမှ ပျူအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံများတွေ့ရသည်။ ပိုးချည်အပြာထဘီနှင့် ပိုးပဝါခြုံကြသည်။ လမ်းလျှောက်လျှင် ယပ်တောင်ကိုင်သည်။ ပိုးပစ္စည်းများအဝတ်များကြသည်။

ဆံပင်ထုံးဖွဲ့ရာတွင် နောက်တွဲထံသက်သက်သော်လည်းကောင်း၊ လှပစွာထုံးနှောင်ပြီး ဆံထုံး၊ ဆံညှပ်၊ ဆံကျစ်တို့ဖြင့် တန်ဆာဆင်လာသည့် အင်းဝခေတ်စာဆိုရှင် ရဝေရှင်ထွေး၏ အန်ချင်းမှ ဥသျှောင်ထုံးနည်း ၅၅ မျိုးမှာ ပုဂံသူတို့၏ ဆံကေသာ အလှပြုပြင်နည်းများပင် ဖြစ်ပါသည်။

### ဝတ်စားဆင်ယင်ပုံများ အသွင်အမျိုးမျိုးပြောင်းလဲ

ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံများ အသွင်အမျိုးမျိုးပြောင်းလဲလာခဲ့သည်။ ကုန်းဘောင်ခေတ်ဘိုးတော်ဘုရားလက်ထက် မင်းခမ်းတော်ဝင် ဆံထုံးများအဖြစ် ခုနစ်မျိုးရှိရာ၊ အနောက်နန်းမမြကလေးစိတ်ငြိုငြင်ခိုက် ကပိုကရိုထုံး၊ ဦးကြော့၏ စုံနံ့သာမြိုင် ရှာပုံတော်မှ မြစပယ်ငုံ၊ လလယ်ယုန်ဆံထုံးများမှသည် ကိုလိုနီခေတ်တွင် တက္ကသိုလ်ကျောင်းသူများ တခမ်းတနားထုံးကြသော ဘီအေဆံထုံးအထိ အသွင်အမျိုးမျိုးပြောင်းလဲခဲ့သည်။ သို့သော် ဆံပင်ကိုအမွန်အမြတ်တန်ဖိုးထားကာ ဆံပင်ရှည်ရှည်ထား၍ ထုံးဖွဲ့သည့်ဓလေ့ကား အနှစ်သာရအဖြစ်တည်တံ့လျက်ရှိသည်။

ထို့အတူ အင်္ကျီ၊ ထဘီတို့၏ ပုံပန်းသွင်ပြင် အဆင်အသွေးတို့မှာလည်း ခေတ်အဆက်ဆက် ပြောင်းလဲမှုများရှိသည်။ ချည်ထည်၊ ပိုးထည်အမျိုးမျိုးကို ခေတ်အလိုက်လှပသောပုံများ၊ ဖန်တီးကာ ချုပ်လုပ်ဝတ်ဆင်ကြသည်။ ရွှေချည်၊ ငွေချည်ထိုးကြသည်။ ခေတ်အဆက်ဆက် နံရံဆေးရေးပန်းချီများ၊ ပုရပိုက်ပန်းချီများတွင် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံ အထောက်အထားများကို တွေ့နိုင်သည်။

ရင်လွှမ်းတန်ဆာ၊ ခြုံတဘက်တို့ကို ဆင်ယင်ကြောင်းသိရသည်။ ပျံမွှေး ရွှေအင်္ကျီ၊ ရွှေထဘီ၊ ကြာညွန့်၊ အင်္ကျီ၊ နှင်းဆီ ရွှေပြောက် ကွမ်းတုံ၊ ဘိန်းရယ်နှင့် မွတ်စိမ်းပဝါစသည့် အရေးအဖွဲ့များကို စာပေများတွင်တွေ့ရသည်။ ခေတ်အလိုက် အလှအပတန်ဆာဆင်ပုံများ ကွဲပြားသော်လည်း ထဘီနှင့် အင်္ကျီဟူသော အရင်းခံအဝတ်အစားတို့မှာမူ အနှစ်သာရအဖြစ် ခေတ်အဆက်ဆက်တွင် အခိုင်အမာတည်ရှိခဲ့သည်။

စာမျက်နှာ ၇ သို့ ❍

**“အမျိုးသမီးတိုင်း၊ အမျိုးသမီးငယ်ရွယ်၊ ကလေးသူငယ်တိုင်း စာတတ်မြောက်ရေး၊ ကျောင်းပညာ သင်ကြားရေး၊ အသိဉာဏ်ဖွံ့ဖြိုးပြီး ဗဟုသုတလေ့လာပြည့်စုံရေး၊ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝရေးကို အားထုတ်ကြိုးပမ်းဆောင်ရွက်ကြပြီး ခေတ်အဆက်ဆက်စွမ်းရည်ထက်မြက်ကြပြီး မြတ်နိုးဖွယ်ရာဂုဏ်ရည်များစွာတို့နှင့် ပြည့်စုံနေသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုများကို လေးစားဂုဏ်ယူ အားကျအတုယူစံပြထားပြီး အနာဂတ်ကာလအတွက် မျိုးဆက်သစ် မြန်မာအမျိုးသမီးလေးများ၏ ဘဝလုံခြုံမှုနှင့် စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်း”**

# စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သီတဂူစက္ခုဒါန ဆေးရုံဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သီတဂူစက္ခုဒါန ဆေးရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံများ၏ အဓိပတိ ကျေးဇူးတော်ရှင်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက အဘိဓဇအဂ္ဂမဟာမင်္ဂလာ ဓမ္မဇောတိက (ရွှေကျင်နိကာယသံဃရာဇာ) ဒေါက်တာ အရှင်ဉာဏိဿရ၊ နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စက္ခုဒါနဆေးရုံဖွင့်ပွဲ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက ဆေးရုံဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်၊ အလှူရှင်ကိုယ်စား လှယ် တစ်ဦးနှင့် မြို့မိ/မြို့ဖ ဦးလှဖေတို့က သီတဂူ စက္ခုဒါနဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့် မြို့မိ/ မြို့ဖ ဦးလှဖေတို့က ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက ဩဝါဒ ကထာ မြွက်ကြားသည်။ ထို့နောက် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒေသခံတိုင်းရင်း သားပြည်သူများကိုယ်စား ဝမ်းမြောက်ကျေးဇူးတင် စကား ပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများက သီတဂူအဓိဋ္ဌာန်ရွတ်ဆို၍ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ သီတဂူစက္ခုဒါနဆေးရုံ ရေစက်ချ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ သီတဂူဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်၍ အခမ်းအနားသို့ ကြွရောက်လာသည့် ဆရာတော်/သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက အလှူငွေ များကို ဆေးရုံမှတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် ဆရာတော်/သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ နမော တဿ သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း) မြို့နယ်များနှင့် ခန္တီးမြို့နယ်တို့မှ လာရောက် ပြသကြသော မျက်စိဝေဒနာရှင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ကာ မျက်စိအထူးကု ဆရာဝန်ကြီးများက အခမဲ့စမ်းသပ်၊ ခွဲစိတ်၊ ကုသ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုခဲ့ပြီး သီတဂူ ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၀၀) သင်တန်းဆင်းပွဲ ကျင်းပ





**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ခ ခန်းမ၌ ယနေ့ နံနက် ၇ နာရီခွဲတွင် စာရေး ဝန်ထမ်းအခြေခံသင်တန်းအမှတ် စဉ် (၂၀၀) သင်တန်းဆင်းပွဲအခမ်း အနားကို ကျင်းပသည်။

**ချီးမြှင့်**

အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်းဆင်း မိန့်ခွန်း ပြောကြားပြီး သင်တန်းသား စံပြဆုကို သင်တန်းသားအမှတ် (၄၃၉) ဦးသော်ဇင်ထွန်း အကြီးတန်းစာရေး ရေဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အား လည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ် (၃၃၆) ဒေါ်ခြူးရွှေရည်ဟန် အငယ်တန်းစာရေး မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့အား လည်းကောင်း ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြ ထူးချွန်ဆု ရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ကြသည်။

**ရက်သတ္တ ၁၀ ပတ်ကြာမြင့်**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ ဌာနခွဲမှူးများ၊ သင်တန်းမှူးများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများ၏ မိဘဆွေမျိုးများနှင့် သင်တန်းသား ၂၃၂ ဦး၊ သင်တန်းသူ ၃၇၂ ဦး စုစုပေါင်း ၆၀၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

❍ စာမျက်နှာ ၆ မှ

မြန်မာအမျိုးသမီးဟုဆိုလိုက်လျှင် ထဘီနှင့် အင်္ကျီကို ဣန္ဒြေရစွာဝတ်ဆင်သူဟု နားလည်သကဲ့သို့ ထဘီနှင့် အင်္ကျီဟုဆိုလျှင်လည်း မြန်မာအမျိုးသမီးများကို ကိုယ်စားပြုသောသင်္ကေတအဖြစ် နားလည်နေကြပြီဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ရက်ကန်းစင်တွင် ကိုယ်တိုင်ရက်လုပ်သော ပြည်တွင်းဖြစ်အထည်များကို အဓိကထားပြီး ဝတ်ဆင်ကြသည်။ လုံလုံခြုံခြုံလှလှပပဝတ်ဆင်ခဲ့ကြသည့် မြန်မာအမျိုးသမီးတို့၏ ယဉ်ကျေးမှုကို ယနေ့မြန်မာအမျိုးသမီးတို့က ဆက်လက်ထိန်းသိမ်းကာ နောင်အနာဂတ်ကာလ မျိုးဆက်သစ်မိန်းကလေးများကို လက်ဆင့်ကမ်းအမွေပေးစေချင်ပါသည်။

**ဝတ်စားဆင်ယင်မှု ယဉ်ကျေးလှ**

ပြည်တွင်းဖြစ်ချည်ထည်လေးများကို ယခုအခါ လှပစွာ ဝတ်ဆင်ကြသည်ကိုလည်း များစွာတွေ့မြင်ရ၍ ဝမ်းသာမိပါသည်။ ဝတ်စားဆင်ယင်မှု ယဉ်ကျေးလှပခြင်းသည်လည်း မြန်မာအမျိုးသမီးတို့၏ မြတ်နိုးဖွယ်ဂုဏ်ရည်ပင်ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများ မြတ်နိုးဖွယ်ရာဂုဏ်ရည်များတွင် ထပ်ဆင့်လောင်း၍ အလှဆင်သည်က စွမ်းဆောင်ရည်ပြည့်ဝကြခြင်းပင်ဖြစ်သည်။ နိုင်ငံနှင့် လူမျိုးအကျိုးကိုမြင့်မားသည်ထက် မြင့်မားရလေအောင် ဆောင်ရွက်နေကြသည်။ အမျိုးသမီးများ၏ လူမှုဘဝဖွံ့ဖြိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများကို ကဏ္ဍအလိုက် အားလုံးဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြသည်။ အမျိုးသမီးထုကြီး ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုခြင်းရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့အစည်းသည် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပေးခဲ့ပါသည်။ အမျိုးသမီးကော်မတီအဖွဲ့ကြီး၏အောက်တွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ Legal Clinic Myanmar အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးအားကစားအဖွဲ့ချုပ် စသည့်အဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များ အကောင်အထည်ဖော်ရန်၊ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်စေဖို့ လုပ်ငန်းရပ်များ အပြည့်အဝဆောင်ရွက်နိုင်ရန် အမျိုးသမီးများ၏ စွမ်းအားနှင့် စွမ်းဆောင်မှုများသည် အလွန်အရေးကြီးကြောင်း တွေ့ရှိခဲ့ရပါသည်။ ကဏ္ဍပေါင်းစုံအမျိုးသမီးများပါဝင်နိုင်ဖို့ အခွင့်အလမ်းပေါင်းစုံနှင့် တန်းတူညီမျှ လုပ်ဆောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးလှပါသည်။

**အမျိုးသမီးကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်း**

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂက ချမှတ်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustain-able Development Goals-SDGs) စသည့် နိုင်ငံတကာအဆင့် ကတိကဝတ်ပြုထားမှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)ခုနှစ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်လမ်းညွှန်ဆောင်ရွက်သွားရန်အတွက် မရှိမဖြစ်လိုအပ်လျက်ရှိသော နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါသည်။ နယ်ပယ်ရပ်အားလုံးရှိ အမျိုးသမီးများ ဟန်ချက်ညီညီဖွံ့ဖြိုးလာစေရန်အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၁၃-၂၀၂၂)ကို ဦးစားပေးလုပ်ဆောင်အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်ကြစေရန် နိုင်ငံတော်အစိုးရလူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူများနှင့် အမျိုးသမီးထုကြီးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အရေးကြီးပါသည်။

အမျိုးသမီးတိုင်း၊ အမျိုးသမီးငယ်ရွယ်၊ ကလေးသူငယ်တိုင်း စာတတ်မြောက်ရေး၊ ကျောင်းပညာသင်ကြားရေး၊ အသိဉာဏ်ဖွံ့ဖြိုးပြီး ဗဟုသုတလေ့လာပြည့်စုံရေး၊ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝရေးကိုအားထုတ်ကြိုးပမ်းဆောင်ရွက်ကြပြီး ခေတ်အဆက်ဆက်စွမ်းရည်ထက်မြက်ကြပြီး မြတ်နိုးဖွယ်ရာဂုဏ်ရည်များစွာတို့နှင့် ပြည့်စုံနေသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်မှုများကို လေးစားဂုဏ်ယူ အားကျအတုယူစံပြထားပြီး အနာဂတ်ကာလအတွက် မျိုးဆက်သစ် မြန်မာအမျိုးသမီးလေးများ၏ ဘဝလုံခြုံမှုနှင့် စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်းအားထုတ်ကြိုးစားကြရပါမည်။ စွမ်းဆောင်ရည်ပြည့်ဝသည့် မြန်မာအမျိုးသမီးများ တိုးတက်သည်ထက် တိုးပွားပြီး နိုင်ငံနှင့် လူမျိုးအကျိုးကို မြင့်မားသည်ထက်မြင့်မားရအောင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကကြီးမှူး၍ ကြိုးစားဆောင်ရွက်ကြရင်းဖြင့် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို မြန်မာအမျိုးသမီးတို့၏ မြတ်နိုးဖွယ်ရာ ဂုဏ်ရည်များစွာနှင့်အတူ ဂုဏ်ပြုလိုက်ရပါသည်။ ။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဌာနပေါင်းစုံ အမျိုးသားဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ဇေယျာသီရိမြို့နယ် အထက(၁) အားကစားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း အမှုထမ်းများနှင့် ဦးစီးဌာနအလိုက် နိုင်ငံ့ဝန်ထမ်း အမျိုးသားဘော်လီဘော အားကစားအသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက စက်မှုလယ်ယာဦးစီးဌာန ကိုယ်စားပြု ဘော်လီဘောအသင်းနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ကိုယ်စားပြု ဘော်လီဘောအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခြင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုရရှိသည့် စက်မှုလယ်ယာဦးစီးဌာနကိုယ်စားပြု ဘော်လီဘော အသင်းကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက ဒုတိယဆုရ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ကိုယ်စားပြုဘော်လီဘောအသင်းကိုလည်း ကောင်း၊ ကျန်ဆုများကို ဌာနဆိုင်ရာတာဝန်ရှိသူများ ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ထမ်းများ၏ ကိုယ်စိတ်အပန်းပြေ ပျော်ရွှင်စေ ရေး၊ ဝန်ထမ်းတိုင်း မိမိတို့ဝါသနာပါရာ အားကစား နည်းများဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော ကိုယ်လက်လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင် ရေး၊ ဌာနအချင်းချင်းအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရေး အတွက် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ အဆိုပါ အားကစားပွဲများမှ ထူးချွန်အားကစားသမားများကို ရွေးချယ်ပြီး လာမည့်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



တောင်ကြီး ဇူလိုင် ၁

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမျိုးသမီးပွဲစဉ် အဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်း အား (၃)ပွဲ(၁)ပွဲဖြင့် လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် ရှမ်းပြည်နယ် အသင်းက ကယားပြည်နယ် အသင်းအား သုံးပွဲပြတ်ဖြင့် လည်း ကောင်း အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအား ပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ ပထမဆုရရှိသော ကချင်ပြည်နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ် နှင့် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ တွင် ပူးတွဲတတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်း တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ ဒုတိယဆုရရှိသော ကယားပြည်နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသား ဆုငွေ ကျပ် ၁၅ သိန်း၊ ပထမဆု ရရှိသော ရှမ်းပြည်နယ်အသင်း အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း ၂၀ တို့ကိုလည်း ကောင်း၊ အမျိုးသမီးတံခွန်စိုက် ဖလားရရှိသော ကချင်ပြည်နယ် အသင်းနှင့် အမျိုးသားတံခွန်စိုက် ဖလားရရှိသော ရှမ်းပြည်နယ် အသင်းတို့အား ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီး ချုပ်က တံခွန်စိုက်ဖလားရရှိသော အသင်းတို့အား တစ်သင်းလျှင် ငွေကျပ် ၁၀ သိန်းစီ ထပ်ဆောင်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နတ်တလင်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ရုံးဖွင့်ပွဲ ကျင်းပ

နတ်တလင်း ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်ရုံးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာနတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းတို့က နတ်တလင်းခရိုင်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မြို့လည်ပရိယတ္တိစာသင်တိုက်မှတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝါစိတ္တရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု ဆုတံဆိပ်နှင့် ချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနား ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးရဲရင့်လွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြား ရေးမှူးများက ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတို့မှ ကျောင်းသား ကျောင်းသူများ ကိုယ်စား တာဝန်ခံအရာရှိများကို ဂုဏ်ပြုဆုတံဆိပ် နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ သည်။ ယင်းနောက် ဂုဏ်ပြုချီးမြှင့်ခံရသည့် ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မကြယ်စင်သန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ထို့နောက် ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ် စကားပြောကြားပြီးအခမ်းအနားသို့တက်ရောက်လာ ကြသည့် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဂုဏ်ထူးရရှိသူများမှာ မကြယ်စင်သန့် ခြောက်ဘာသာ၊ မအိန္ဒြေမြင့်မိုရ်ဦး ငါးဘာသာ၊ မောင်ဟိန်းမင်းထက်၊ မထက်သီရိစိုးမိုး၊ မောင်ကျော် ဇင်ဟိန်းနှင့် မဆုရွှန်းတင်ဇာအောင် သုံးဘာသာ၊ မောင်ခန့်ထူးသူနှင့် မသက်မွန်ထူးအောင် နှစ်ဘာသာ၊ မောင်စိုင်းဟိန်းသန့်အောင်၊ မောင်ဟိဏ်းဝေယံမင်း နှင့် မောင်သော်ထက်နိုင် တစ်ဘာသာတို့ ဖြစ်ကြ သည်။

အခမ်းအနား၌ တက္ကသိုလ်ဝင်တန်းအောင်မြင် ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြု ဆုတံဆိပ်များနှင့် ရိုးရိုးအောင်မြင်သူငါးဦးကို တစ်ဦး လျှင် ကျပ်ငါးသောင်းစီ၊ ဂုဏ်ထူးရရှိသူများကို ဂုဏ်ထူးတစ်ခုလျှင် တစ်ဘာသာကျပ်တစ်သိန်းဖြင့် စုစုပေါင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၂၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မိဘပြည်သူများသို့ အသိပေးကြေညာ

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအားပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၂)ရက် (စနေနေ့)



100th #COOPSDAY Cooperatives Build a Better World

COOP International Co-operative Alliance

“Cooperatives Build a Better World”

“ကမ္ဘာလောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး”

## MCRD co-op mart အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ဇူလိုင် ၂ ရက်တွင် ကျရောက်မည့် နှစ်(၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် MCRD co-op mart အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားနှင့် သမဝါယမလုပ်ငန်းများ ရှင်သန်ရေး ဆောင်ရွက်ရမည့်အချက်များ ရှင်းလင်းခြင်းနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးတို့ကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ ကျင်းပသည်။

**တက်ရောက်**

ဦးစွာ နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် MCRD co-op mart အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် အဓိက ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သမဝါယမအသင်းများ၏ စံနမူနာဖြစ်စေရန်လည်း ရည်ရွယ်ကြောင်း၊ MCRD co-op mart တွင် သမဝါယမဦးစီးဌာနအနေဖြင့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်အစရှိသည့် အခြေခံစားသောက်ကုန်များကို တာဝန်ယူရောင်းချပေးမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ယွန်းပညာကောလိပ်နှင့် ရက်ကန်းကျောင်းများမှ ထွက်ရှိသော ယွန်းထည်နှင့် ရက်ကန်းထည်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များကို အမျိုးအစားစုံလင်ပြီး ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ အမြတ်ရရေးကို ဦးစားမပေးဘဲ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရေး၊ ဝန်ဆောင်မှုကောင်းကောင်းဖြင့် အောင်မြင်သော အရောင်းဆိုင်တစ်ခုဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အရောင်းဆိုင် ရေရှည်တည်တံ့စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ကြသူများအားလုံး ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက အရောင်းဆိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဆိုင်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ သမဝါယမလုပ်ငန်းများရှင်သန်ရေး ဆောင်ရွက်ရမည့်အချက်များ ရှင်းလင်းခြင်းနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေးကို အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမြတ်မယူအရှုံးမရှိစေရေးမူ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက သမဝါယမဦးစီးဌာနအနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်ကာ ပြည်သူတို့၏ လိုအပ်ချက်များကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေကြောင်း၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် သမဝါယမနည်းလမ်းဖြင့် သမဝါယမအသင်းများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်ပြီး လယ်ယာထွက်ကုန်သီးနှံများ၊ ဆန်စပါး၊ စားသုံးဆီ၊ ရေထွက်ကုန်ပစ္စည်းများကို စတင်ဆောင်ရွက်သည့် အချိန်များ၌ အမြတ်မယူအရှုံးမရှိစေရေးမူနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းတို့အတွက် လိုအပ်သော အရင်းအနှီးချေးငွေများ ထုတ်ချေးပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများအပါအဝင်စက်ကိရိယာများ ပံ့ပိုးပေးခြင်း၊ မျိုးကောင်း၊ မျိုးသန့်နှင့် သွင်းအားစုများ ထောက်ပံ့ပေးခြင်း၊ သမဝါယမကန်ထရိုက်လယ်ယာ (Cooperative Contract Farming) စနစ် ဆောင်ရွက်ပေးခြင်း၊ လူသုံး၊ အိမ်သုံးနှင့် ဒေသထွက်ကုန်သီးနှံများ ဝယ်ယူဖြန့်ဖြူးရောင်းချခြင်းတို့ကို Focal အဖြစ် တာဝန်ယူဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ အောင်မြင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနရှိ ဦးစီးဌာနလေးခုမှ ပေါင်းစပ်ညှိနှိုင်းကာ တက်ညီလက်ညီဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ဖြူက လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးများနှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ချောင်းဦးမြို့နယ်၌ ဝါသီးနှံ ဧက ၄၅၀၀ ကျော် စိုက်ပျိုးပြီးစီး

**ချောင်းဦး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ဘူတာကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းက ဝါစိုက်တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများစုပေါင်းပြီး တောင်သူ ဦးဝင်း၏ ယာမြေခုနစ်ဧကတွင် ဝါသီးနှံစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ်သည် နှစ်စဉ်ဝါသီးနှံကို အဓိကထားစိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်အတွက် စိုက်ပျိုးရန် လျာထားဧက ၇၇၉၅ ဧကဖြစ်ပြီး ယခုအချိန်အထိ ၄၅၅၉ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း၊ ယခုလိုတောင်သူများနှင့် ဝါသီးနှံစုပေါင်းစိုက်ပျိုးရသည့် ရည်ရွယ်ချက်မှာ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်ကို သုံးစွဲတတ်စေရေး၊ ဝါတစ်ဧကကို ပိဿာ ၁၀၀၀ ကျော် ထွက်ရှိစေရေးအတွက်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ဝါသီးနှံအထွက်နှုန်းကောင်းမွန်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က မျိုးကောင်းမျိုးသန့်များဖြစ်သည့် ရွှေတောင် ၈၊ ရွှေတောင် ၁၀ မျိုးများကို ဧက ၁၀၀ စိုက်ပျိုးရန် ထောက်ပံ့ခဲ့ပြီး ဒေသတွင်း၌ မျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရန်အတွက် မျိုးစေ့ထုတ်သင်တန်းများ ဖွင့်လှစ်ပေး၍ အကျိုးတူတောင်သူများနှင့် စိုက်ပျိုးထားကြောင်း၊ ထွက်ရှိလာသော ဝါမျိုးစေ့များအား ဒေသတွင်းရှိ တောင်သူများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးသင်တန်း၊ သဘာဝမြေဆွေးနှင့် သဘာဝပိုးသတ်ဆေး ဖော်စပ်နည်းသင်တန်း၊ စူပါဘိုကာရှီ မြေဆွေး ပြုလုပ်ပြသသည့် သရုပ်ပြပွဲများ၊ ဝါမျိုးစေ့ထုတ်နည်းပညာသင်တန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

## ထန်းတပင်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ထန်းတပင် ဇူလိုင် ၁**

ရန်ကုန် မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် အခြေခံစက်ချုပ်သင်တန်းကို ကျူတောကျေးရွာအုပ်စု သံတဇာကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ကြောင်း သိရသည်။



**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဘသိန်းနှင့် မြို့နယ်ဦးစီးမှူးတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၁ ရက်မှ ၃၀ ရက် အထိ တစ်လကြာ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

❖ ကျောဖုံးမှ

ယင်းအစီရင်ခံစာများတွင် အလုပ်သမားရေးရာကိစ္စရပ်များထက် နိုင်ငံရေးကို အရင်းခံသော အချက်အလက် အမြောက်အမြား ပါဝင်ပြီး ခိုင်လုံမှုမရှိကြောင်း တွေ့ရှိရသည်။ ယင်းအစီရင်ခံစာများတွင် ပါဝင်သော အချက်အလက်များသည် အလုပ်သမားအရေးလှုပ်ရှားသူဆိုသူများက ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေထားသော၊ မမှန်ကန်သော အချက်များနှင့် ထင်ယောင်ထင်မှားဖြစ်စေသောသတင်းများအပေါ် များစွာတည်မှီနေကြောင်းတွေ့ရှိရသည်။ သို့ဖြစ်ရာ ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ်မှတ်ချက်များသည် နိုင်ငံရေး သဘောသက်ဝင်နေသည်ကို အံ့သြဖွယ်ရာမရှိကြောင်း တွေ့ရှိရသည်။

၃။ အိုင်အယ်လ်အိုအနေဖြင့် မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်နှင့် နည်းပညာဆိုင်ရာ အကူအညီများပေးအပ်ရာတွင် အစိုးရနှင့်ညှိနှိုင်းဆွေးနွေးမှုမရှိသည်ကိုတွေ့ရှိရပြီး သုံးပွင့်ဆိုင်ယန္တရား၏ အနှစ်သာရကို မျက်ကွယ်ပြုထားသည်။ အိုင်အယ်လ်အိုအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ မေတ္တာရပ်ခံချက်နှင့်အညီ အကူအညီများ ပေးအပ်ရသည့် နိုင်ငံတကာလက်ခံထားသော အခြေခံသဘောတရားများကို မျက်ကွယ်ပြုထားသည်။ မြန်မာအစိုးရအနေဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များကို သုံးပွင့်ဆိုင်သဘောသဘာဝဖြင့် အထောက်အကူပြုလျက်ရှိသည်။

၄။ အဆိုပါဆုံးဖြတ်ချက်များတွင် ၂၀၂၂ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ရည်ညွှန်းဖော်ပြထားပြီး လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်နှင့် ဖွဲ့စည်းခွင့်ကွန်ဗင်းရှင်း (ကွန်ဗင်းရှင်းအမှတ်– ၈၇) နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာကွန်ဗင်းရှင်း (ကွန်ဗင်းရှင်းအမှတ်– ၂၉) တို့ကို မြန်မာနိုင်ငံက လိုက်နာအကောင်အထည်ဖော်မှုအပေါ် မေးခွန်းထုတ်ထားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၌ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၉၂ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၆၂ ဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလုပ်သမားအဖွဲ့ ၂၆ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်ကိုးဖွဲ့နှင့် အလုပ်သမားအဖွဲ့အစည်းအသင်းချုပ်တစ်ဖွဲ့ရှိပြီး အဆိုပါအဖွဲ့အစည်းများတွင် အဖွဲ့ဝင် ၁၉၀၀၀၀ ဦးပါဝင်သည်။ အလုပ်သမားအရေးလှုပ်ရှားသူဆိုသူအနည်းစု၏ အကြမ်းဖက်ရန်နှင့် တည်ငြိမ်မှုမရှိစေရန် ပြည်သူလူထုကို လှုံ့ဆော်သည့် ဥပဒေနှင့်ဆန့်ကျင်သောလုပ်ရပ်များကြောင့် ၎င်းတို့အပေါ် အရေးယူဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအမှတ်– ၈၇ ကို လိုက်နာဆောင်ရွက်ခြင်းမရှိဟု ခြုံငုံသုံးသပ်ခဲ့ခြင်းမှာလည်း သင့်လျော်မှန်ကန်မှုမရှိပါ။

၅။ မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ တိုင်ကြားမှုယန္တရားကို တည်ထောင်ထားရှိသည်။ အိုင်အယ်လ်အိုညွှန်ကြားရေးမှူးချုပ်၏ အစီရင်ခံစာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း၌ အိုင်အယ်လ်အိုအနေဖြင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက် ၁၃ ခုကို လက်ခံရရှိခဲ့ပြီး ၎င်းတို့ကို စိစစ်လျက်ရှိကြောင်းဖော်ပြထားသော်လည်း အမျိုးသားအဆင့်တိုင်ကြားမှုယန္တရားအနေဖြင့် တိုင်ကြားမှုတစ်စုံတစ်ရာကို လက်ခံရရှိခဲ့ခြင်းမရှိပါ။ အိုင်အယ်လ်အိုဆက်ဆံရေးအရာရှိရုံးအနေဖြင့် တိုင်ကြားချက်များကို အမျိုးသားအဆင့် တိုင်ကြားမှု ယန္တရားသို့ပေးပို့ရန် တစ်နှစ်ခွဲခန့်ကြာမြင့်နေသည်မှာ နားမလည်နိုင်ဖွယ်ဖြစ်သည်။ ထို့အပြင် အဓမ္မခိုင်းစေမှုဆိုင်ရာ စွပ်စွဲချက်များတွင် ပုဂ္ဂိုလ်များ၏ အမည်များ၊ ဖြစ်စဉ်များ၏ တည်နေရာနှင့် အချိန် အစရှိသည့် စိစစ်၍ရနိုင်သည့်အချက်များ မပါရှိသည်ကိုတွေ့ရှိရသည်။

၆။ အထက်ပါ အကြောင်းခြင်းရာများကြောင့် (၃၄၅) ကြိမ်မြောက် အိုင်အယ်လ်အိုအုပ်ချုပ်မှုအဖွဲ့နှင့် စံနှုန်းများလိုက်နာဆောင်ရွက်ခြင်းဆိုင်ရာကော်မတီတို့မှ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များနှင့် နိဂုံးချုပ်မှတ်ချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ပယ်ချလိုက်သည်။ မြန်မာနိုင်ငံ၏ မျက်ကွယ်တွင် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းခဲ့ခြင်းသည် အိုင်အယ်လ်အို၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ယင်းကဲ့သို့ ဖွဲ့စည်းခဲ့ခြင်းကိုလည်း မြန်မာနိုင်ငံက ထပ်လောင်းကန့်ကွက်လိုက်သည်။

**အလုပ်သမားဝန်ကြီးဌာန**
**၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်**

**✻ နိုင်ငံတော်စီမံအုပ်ချုပ်ရေးမှ**

ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည့် မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒ၊ ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သော အိမ်နီးချင်းဆက်ဆံရေး၊ အာဆီယံက သတ်မှတ်ထားသော မူဘောင်၊ လုပ်ထုံးလုပ်နည်းများအတိုင်း ပူးပေါင်းကျင့်သုံးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့်(၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးသဘောတူအတည်ပြုထုတ်ပြန်ခဲ့သည့် အချက်အလက်များ၊ (၃၄) ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေးကို ဇွန် ၂၈ ရက်နှင့် ၂၉ ရက်တွင် တောင်ကြီးမြို့၌ ကျင်းပခဲ့သည့် အခြေအနေများနှင့် အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် နေပြည်တော်သို့ လာရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ




ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုတွေ့ဆုံဆွေးနွေးမှုများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Parksokhon ဦးစီးအဖွဲ့၏ မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် အလုပ်သဘောခရီးစဉ်အခြေအနေများ၊ လန်ချန်း–မဲခေါင်ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးအကြောင်းအရာများ။

ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအပေါ် ဒေသခံပြည်သူလူထုအတွက် ငြိမ်းချမ်းရေးကို အစစ်အမှန်လိုလားသော တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့အနက် မေ ၂၀ ရက်မှ ဇွန် ၂၀ ရက်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများဖြင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ရာ SSPP အဖွဲ့၊ LDU အဖွဲ့တို့နှင့်လည်း ဆက်လက်တွေ့ဆုံ ဆွေးနွေးသွားမည့်အခြေအနေများ။

၂၀၂၂–၂၀၂၃ အခြေခံပညာသင်နှစ် ကျောင်းတက်ရောက်မှုနှင့် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်မှုအခြေအနေများ၊ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ၂၀၂၃ ခုနှစ်တွင် နောက်ဆုံးတစ်ကြိမ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပပေးမည့် အစီအစဉ်များ၊ တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားမှုအခြေအနေများနှင့် အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသများ၊ ပြည်တွင်းရှိ မလုံခြုံသော နေရာများတွင် ရောက်ရှိနေပြီး ရိုးသားစွာ ကျောင်းပြန်တက်လိုသည့် ကျောင်းသား ကျောင်းသူများကိုလည်းပညာရေးကို ဆက်လက်လုပ်ဆောင်နိုင်ရေး နိုင်ငံတော်အစိုးရက ပြန်လည်ဖိတ်ခေါ်လျက်ရှိသည်များ။

ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ စစ်ဆေးမှု၊ ပိုးတွေ့ရှိမှုနှင့် ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများ၊ ကမ္ဘာ့ဈေးကွက်အခြေအနေအရ စားဆီနှင့်ပတ်သက်၍ ဈေးနှုန်းမြင့်တက်ခြင်းများရှိသော်လည်း လုံးဝပြတ်လပ်ခြင်းမရှိအောင် အစိုးရအနေဖြင့် စီမံနေမှုများနှင့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်း ပြည်ပ ချေးငွေကိစ္စရပ်များ။

NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်မှုလုပ်ရပ်များနှင့် ဆက်စပ်မှုများ၊ ရှမ်းနီလူမျိုး၊ KIA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့အကြား ဖြစ်ပေါ်နေသည့် ပဋိပက္ခဆိုင်ရာကိစ္စရပ်များ၊ ဥကရစ်ထ စစ်ဆင်ရေးခြေကုပ်စခန်း ဖြစ်စဉ်နှင့်ပတ်သက်သည်များကို video ဖိုင်များ၊ Power Point Presentation များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့သူများကို အရေးယူဆောင်ရွက်မှုအခြေအနေများ၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို Power Point Presentation ဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မိုငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များနှင့် ရွေးကောက်ပွဲ ကော်မရှင်၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာခဲ့ကြကြောင်းနှင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ကရင်ပြည်နယ် မြဝတီမြို့နယ် ဥကရစ်ထကျေးရွာအနီးရှိ စစ်ဗျူဟာအရေးကြီးနေရာတစ်ခု တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာ သိမ်းပိုက်ရရှိ

**နေပြည်တော် ဇူလိုင် ၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး လုံခြုံမှုပြည့်ဝစွာဖြင့် မိမိတို့၏ လူမှုစီးပွားဘဝအား လွတ်လပ်စွာဆောင်ရွက်နိုင်စေရေးအတွက် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများအား အမြဲမပြတ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေါလေဒေသအတွင်း ဥကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်း၌ တာဝန်ထမ်းဆောင်နေသည့် မြန်မာ့တပ်မတော်စစ်ကြောင်းအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက သာလွန်အင်အားအများအပြားအသုံးပြု၍ ဇွန် ၂၆ ရက်မှစတင်၍ အကြိမ်ကြိမ် လာရောက်တိုက်ခိုက်ခဲ့သည်။

**စခန်းအားသိမ်းပိုက်နိုင်မှုမရှိ**

သို့ရာတွင် ဥကရစ်ထစစ်ဆင်ရေးခြေကုပ်စခန်းမှ အရာရှိ၊ စစ်သည်များ၏ မိမိအသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံခုခံတိုက်ခိုက်မှု၊ လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများမှ ထိရောက်စွာပစ်ကူပေးတိုက်ခိုက်မှုတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများသည် စခန်းအားသိမ်းပိုက်နိုင်မှုမရှိဘဲ ထိခိုက်ကျဆုံးမှုများပြားစွာဖြင့် အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။




အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဥကရစ်ထကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ လူနေတဲများရှိ ဗုံးခိုကျင်းများကို အသုံးပြုခိုအောင်း၍ မိမိတပ်မတော်စစ်ကြောင်းများအား ဆက်လက်ပစ်ခတ်တိုက်ခိုက်လျက်ရှိသဖြင့် တပ်မတော်မှ လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများဖြင့် ပစ်ခတ်တိုက်ခိုက်ချေမှုန်းခြင်း၊ စစ်ကူစစ်ကြောင်းများအား လေကြောင်းမှတစ်ဆင့် ပို့ဆောင်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဥကရစ်ထစစ်ဆင်ရေးခြေကုပ်ပတ်ဝန်းကျင် စစ်ဗျူဟာအရအရေးကြီးသည့် တောင်ကုန်းရှိ အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်း၊ စစ်ကူစစ်ကြောင်းတစ်ကြောင်းတို့မှ ရဲဝံ့စွန့်စားစွာဖြင့် လေကြောင်းနှင့် လက်နက်ကြီးပစ်ကူကို ထိရောက်စွာ အသုံးပြုတိုက်ခိုက်ခဲ့ပြီးနောက် ယနေ့ မွန်းလွဲပိုင်းတွင် သိမ်းပိုက်ရရှိခဲ့သည်။

**ဆက်လက်တိုက်ခိုက်လျက်ရှိ**

တိုက်ပွဲဖြစ်စဉ်များအတွင်း မိမိထိခိုက်မှုမရှိဘဲ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများပြားစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် မိမိတပ်မတော်စစ်ကြောင်းများမှ ဥကရစ်ထစစ်ဆင်ရေးခြေကုပ်သို့ ပူးပေါင်းနိုင်ရေး သိမ်းပိုက်ရရှိသည့် ခြေကုပ်နေရာမှတစ်ဆင့် ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် အဆိုပါဒေသအတွင်း KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ လုံးဝအခြေချနေထိုင်မှုမရှိစေရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ဆံဖျားထမ်းဆောင်နေသည့် ဝေါလေဒေသအတွင်းမှ တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုချီးမြှင့်ပေးအပ်



**နေပြည်တော် ဇူလိုင် ၁**

ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေါလေဒေသအတွင်း၌ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် ဇွန် ၃၀ ရက်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဗဟိုက စားသောက်ဖွယ်ရာ ၁၁ မျိုးကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ဂုဏ်ပြုချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

တပ်မတော်သားများအတွက် ပေးအပ်ချီးမြှင့်သော စားသောက်ဖွယ်ရာ ၁၁ မျိုးကို မွန်ပြည်နယ် YMBA ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးက ပေးအပ်ချီးမြှင့်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်**

အလားတူ ယနေ့ညနေပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် ကျောက်ဆည်မြို့တို့မှ စေတနာရှင်မိဘပြည်သူများက ကရင်ပြည်နယ် မြဝတီမြို့နယ် ဝေါလေဒေသအတွင်း၌ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၅၀ နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၆၇ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၆၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၇၇,၄၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၆၂၈) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၅၆၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၂၁) ခု | (၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၂၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၁၄) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၀၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၈၀၁) ခု | (၆) ဦး |
| စုစုပေါင်း | (၄,၇၆၇) ခု | (၃၂) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/ သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၃၆၀၀၈၀ | ၈၄၉၁၆၃၉၁ | ၁၀၄၂၆၇၈ |
| ၂။ | အိန္ဒိယ | ၄၃၄၇၁၂၈၂ | ၄၂၈၃၆၉၀၆ | ၅၂၅၁၃၉ |
| ၃။ | ဘရာဇီး | ၃၂၃၅၈၄၅၁ | ၃၀၈၄၆၈၅၀ | ၆၇၁၄၆၆ |
| ၄။ | ပြင်သစ် | ၃၁၀၈၃၈၅၉ | ၂၉၆၂၀၉၈၉ | ၁၄၉၅၃၃ |
| ၅။ | ဂျာမနီ | ၂၈၂၉၃၉၆၀ | ၂၆၇၀၂၂၀၀ | ၁၄၁၁၁၈၉ |
| ၆။ | ဗြိတိန် | ၂၂၇၂၀၃၄၅ | ၂၂၁၄၅၄၂၉ | ၁၈၀၃၃၀ |
| ၇။ | အီတလီ | ၁၈၅၂၃၁၁၁ | ၁၇၄၆၉၉၆၉ | ၁၆၈၃၅၃ |
| ၈။ | ရုရှား | ၁၈၄၃၃၃၉၄ | ၁၇၈၆၁၆၀၅ | ၃၈၁၁၆၅ |
| ၉။ | တောင်ကိုရီးယား | ၁၈၃၆၈၈၅၇ | ၁၈၂၀၄၇၄၁ | ၂၄၅၅၅ |
| ၁၀။ | တူကီယဲ | ၁၅၁၂၃၃၃၁ | ၁၅၀၀၅၂၄၉ | ၉၉၀၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၄၇၃၉၇ | ၉၆၈၉၆၆၃ | ၄၃၀၈၇ |
| ၂။ | အင်ဒိုနီးရှား | ၆၀၉၀၅၀၉ | ၅၉၁၆၈၅၄ | ၁၅၆၇၄၀ |
| ၃။ | မလေးရှား | ၄၅၆၆၀၅၅ | ၄၅၀၀၈၅၆ | ၃၅၇၆၅ |
| ၄။ | ထိုင်း | ၄၅၂၅၂၆၉ | ၄၄၇၀၄၉၀ | ၃၀၆၆၇ |
| ၅။ | ဖိလစ်ပိုင် | ၃၇၀၅၆၄၉ | ၃၆၃၆၃၇၈ | ၆၀၅၆၅ |
| ၆။ | စင်ကာပူ | ၁၄၄၄၀၆၈ | ၁၃၄၁၀၃၀ | ၁၄၁၃ |
| ၇။ | မြန်မာ | ၆၁၃၆၂၈ | ၅၉၂၅၆၈ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၂၉၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၃၉၀၀ | ၁၅၇၆၆၇ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၈၂ | ၁၃၃၂၀၆ | ၃၀၅၆ |

## ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင်ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီရှစ်ခုမှ Reclide Tablet ၄၀၉၄၄ ခု၊ Trama-cetamol Tablet ၈၈၈၉ ခု၊ Calutex-B 50 Tablet ၆၂၈ ခု၊ Diazon Tablet ၁၁၈၉ ခု၊ Calcigard Tablet ၃၈၇၄၅ ခု၊ Enzystal Tablet ၁၅၈၄၀၊ Amazeo 100 Tablet ၅၇၆ ခု၊ Strolin Tablet ၁၃၃၂ ခု၊ Toroxx A Tablet ၃၀၀၊ Becozinc Capsule ၃၁၇၂၄ ခု၊ Itracon Capsule ၃၈၂၁ ခု၊ CZ Cold Capsule ၃၅၀၀၊ Osetron 4 Injection ၃၆၇၂ ခု၊ Osetron 8 Injection ၁၂၀ ခု၊ Vexdo -20 Injection ၅၀၀၊ Sherzid Injection ၅၀၄၀၊ Iminem Injection ၅၀၊ Epime Injection ၅၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၅ မျိုး စုစုပေါင်း ၄၂၉၃၅ ဒသမ ၇၈ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် PPE ဝတ်စုံ ၅၇၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# လူမည်းအမျိုးသမီး ကီတန်ဂျီဘရောင်းဂျက်ဆင်အား အမေရိကန် တရားရုံးချုပ်တရားသူကြီးအဖြစ် ခန့်အပ်

ဝါရှင်တန် ဇူလိုင် ၁

အာဖရိကန္ဒယ်ဖွား အမေရိကန်နိုင်ငံသား ကီတန်ဂျီဘရောင်းဂျက်ဆင်က အမေရိကန်နိုင်ငံ တရားရုံးချုပ်တရားသူကြီးအဖြစ် ယနေ့ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အသက် ၅၁ နှစ်အရွယ် ကီတန်ဂျီဘရောင်းဂျက်ဆင်သည် အမေရိကန်သမိုင်းတစ်လျှောက် နှစ်ပေါင်း ၂၃၀ ကျော်ကာလတွင် နိုင်ငံ၏ ထိပ်တန်းတရားရုံးချုပ်၌ တာဝန်ထမ်းဆောင်သည့် ပထမဆုံး လူမည်းအမျိုးသမီးဖြစ်လာခဲ့သည်။

သမ္မတဂျိုးဘိုင်ဒင်က ဂျက်ဆင်အား တရားရုံးချုပ်တရားသူကြီးအဖြစ်ခန့်အပ်ရန် ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ရွေးချယ်ခဲ့သည်။ ဂျက်ဆင်အား တရားသူကြီးအဖြစ်ခန့်အပ်ရန် ဆီးနိတ်တွင် ဧပြီလက မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၅၃ မဲရရှိခဲ့ကြောင်း သိရသည်။

လူမည်းအမျိုးသမီး ဂျက်ဆင်အား နိုင်ငံ၏ ထိပ်တန်းတရားရုံးချုပ်တရားသူကြီးအဖြစ် ခန့်အပ်ရခြင်းမှာ အမေရိကန်နိုင်ငံအတွက် လေးနက်သည့် ခြေလှမ်းသစ်တစ်ရပ်ကို ကိုယ်စားပြုပြီး နိုင်ငံအတွင်းရှိ လူမည်းလူငယ်များနှင့် မိန်းကလေးငယ်များအားလုံးအတွက် ကိုယ်စားပြုမည်ဖြစ်ကြောင်း သမ္မတဂျိုးဘိုင်ဒင်က ဆိုသည်။

ဂျက်ဆင်သည် ဇူလိုင် ၁ ရက်တွင် ရာထူးတာဝန်များမှ အနားယူသွားသည့် လစ်ဘရယ်တရားသူကြီး စတီဖင်န် ဘီရီယာ၏နေရာတွင် တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်သည်။

ဂျက်ဆင်အပါအဝင် တရားရုံးချုပ်တရားသူကြီးကိုးဦးအနက် လေးဦးသည် အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

တရားရုံးချုပ်၏ စီရင်ထုံးများသည် မကြာသေးမီကာလများအတွင်း ရှေးရိုးဆန်မှုများရှိလာခဲ့သည်။ ကိုယ်ဝန်ဖျက်ချခြင်းကို အမျိုးသမီးတစ်ဦး၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးတစ်ရပ်အဖြစ် သတ်မှတ်ပေးသည့်ဥပဒေကို လွန်ခဲ့သောလအတွင်းက ပယ်ဖျက်ခဲ့သည်။ ထို့ပြင် ပြည်သူများအား သေနတ်ကိုင်ဆောင်ခွင့်ပြုထားသည့် နယူးယောက်ပြည်နယ်ဥပဒေကိုလည်း အခြေခံဥပဒေနှင့်မညီသည့်အတွက် ပယ်ဖျက်ခဲ့ကြောင်း သိရသည်။



ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၂၈ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၁

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၉၅၂၈ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၃၆၈၈၅၇ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်းနေ့စဉ် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ၇၂၂ ဦးသာရှိခဲ့သောကြောင့် လက်ရှိနေ့စဉ် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည် များပြားကြောင်း တောင်ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။

နိုင်ငံအတွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၃၅၂၈၇ ဦးတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၅၅၅ ဦးရှိသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# အာဖရိကနိုင်ငံ ၁၂ နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၇၈၂ ဦးရှိလာ

အဒစ်အဘာဘာ ဇူလိုင် ၁

လက်ရှိအချိန်အထိ အာဖရိကနိုင်ငံ ၁၂ နိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၇၈၂ ဦးရှိကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောကြားသည်။

အဆိုပါကူးစက်ခံရသူများအနက် ၁၆၇၈ ဦးသည် သံသယရှိဖွယ်လူနာများဖြစ်ပြီး ၁၀၄ ဦးသည် အတည်ပြုလူနာများဖြစ်ကြောင်း အဆိုပါစင်တာမှ ယာယီဒါရိုက်တာအာမက်အိုဝယ်က ယမန်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများအား အဆိုပါရောဂါကူးစက်မှု ယခင်မတွေ့ရှိရသည့် နိုင်ငံများတွင်လည်း စစ်ဆေးတွေ့ရှိရပါကြောင်း အာမက်အိုဝယ်က ဆိုသည်။ အဆိုပါနိုင်ငံများအနက် ဘီနင်၊ မော်ရိုကိုနှင့် တောင်အာဖရိကနိုင်ငံများသည် မျောက်ကျောက်ရောဂါကူးစက်မှုကို ယခင်မတွေ့ရှိရသည့် နိုင်ငံများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ဒေသတွင်း၌ မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၇၃ ဦး ရှိကြောင်းနှင့် သေဆုံးမှုနှုန်း ၄ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ မျောက်ကျောက်ရောဂါဆိုင်ရာ ဓာတ်ခွဲခန်းစစ်ဆေးနိုင်မှု စွမ်းရည်ကို မြှင့်တင်နိုင်ရေးအတွက် အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင် ၂၀ အား အဆိုပါရောဂါစစ်ဆေးမှုဆိုင်ရာ အသိပညာများပေးဝေလျက်ရှိသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ဗီဇပြောင်းဗိုင်းရပ်စ်များတိုက်ဖျက်ရန်အတွက် အစွမ်းထက်ကာကွယ်ဆေးများထုတ်လုပ်ရန် အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအကြံပြု

ဝါရှင်တန် ဇူလိုင် ၁

အမေရိကန်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများအနေဖြင့် လက်ရှိရောဂါကူးစက်မှုများပြားနေသည့် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်မျိုးစိတ်သစ်များအား တိုက်ဖျက်နိုင်သည့် ဆေးဝါးများကို ထုတ်လုပ်ရန် လိုအပ်ကြောင်း အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက အကြံပြုပြောကြားသည်။

ယခုလက်ရှိ ကူးစက်မှုများပြားနေသည့် ဘီအေ ၄ နှင့် ဘီအေ ၅ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ်များအား တိုက်ဖျက်နိုင်သည့် ဆေးဝါးများ ထုတ်လုပ်ကာယင်းကာကွယ်ဆေးများကို ယခုနှစ် မိုးရာသီတွင် နိုင်ငံသားများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရာတွင် သုံးစွဲရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနက ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် အမေရိကန်နိုင်ငံအတွင်းရှိ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူများ၏ ၅၀ ရာခိုင်နှုန်းသည် ဘီအေ–၄ နှင့် ဘီအေ–၅ အမျိုးအစား ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများဖြစ်သည်။ ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရန်အတွက် အစွမ်းထက်ထိရောက်သည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ လိုအပ်သည်ဟု အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – စိုးသူရ

# မလေးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၆၇ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၁

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၆၇ ဦး ထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၅၆၆၀၅၅ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်း ထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် လေးဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၈၆၃ ဦးသည် ဒေသတွင်းကူးစက်ခံရသူများ ဖြစ်သည်။



ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း နှစ်ဦးထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၇၆၅ ဦး ရှိလာပြီဖြစ်သည်။ သို့သော် လူနာ ၂၁၄၅ ဦးရောဂါမှ ပြန်လည် ကျန်းမာလာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၀၀၈၅၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉၄၃၄ ဦး ရှိပြီး ၎င်းတို့အနက် ၄၃ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၅ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။ လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၈ ရာခိုင်နှုန်းအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၄ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ကင်ညာနိုင်ငံအား ဆိုက်ဘာတိုက်ခိုက်ခြင်းမှ ကာကွယ်ရန် ဟွာဝေးကူညီမည်

နိုင်ရိုဘီ ဇူလိုင် ၁

ကင်ညာနိုင်ငံ၌ ဆိုက်ဘာတိုက်ခိုက်မှုများပြားလာခြင်းကို ကာကွယ်နိုင်ရန်အတွက် တရုတ်နည်းပညာလုပ်ငန်း ဟွာဝေးက ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားချိန်မှစတင်၍ အင်တာနက်သုံးစွဲသူများသည် အွန်လိုင်း၌ လုပ်ငန်းများဆောင်ရွက်လာကြကြောင်း ဟွာဝေးနည်းပညာလုပ်ငန်းမှ တာဝန်ရှိသူ မော်ရီ မဝန်နာကီက ပြောကြားသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် အင်တာနက်သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များအားရယူသုံးစွဲခြင်းကဲ့သို့သော ဆိုက်ဘာတိုက်ခိုက်မှုများကို ကာကွယ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်နေကြောင်း၊ မိမိတို့သုံးစွဲနေသည့် မိုဘိုင်းဖုန်းကဲ့သို့သော ကိရိယာများအား ဆိုက်ဘာတိုက်ခိုက်မှုမခံရစေရန်အတွက် ကာကွယ်နိုင်သည့် နည်းလမ်းများစွာရှိကြောင်း ၎င်းကပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်　ဇူလိုင်　၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနေသင့်အယုက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်နေ ဒေါက်တာကြည်သာသည် ၎င်းအသုံးပြုသည့် “Kyi Tha” Face book အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၃)ရပ်ကွက် အိန္ဒာရပ်နေ ပြည့်ဖြိုးလှျံဝေ(ခ)ဖြိုးဝေသည် ၎င်းအသုံးပြုသည့် “Pyae Phyo” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ဖျားရပ်ကွက်နေ ထွန်းမြတ်ဖြိုး(ခ)စုကမ်းငယ်သည် ၎င်းအသုံးပြုသည့် “Tun Myat Phyo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဘိုးပိုက်ဆံ(၃)ရပ်ကွက်နေ စောခူစေး(ခ)စောပီးနံ(ခ)ကရင်သည် ၎င်းအသုံးပြုသည့် “Ka Yin” Face book အကောင့်၊ ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ ဆလိုင်းကျော်ထွေးသည် ၎င်းအသုံးပြုသည့် “Saline Kyaw Htwe” Facebook အကောင့်၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မူရွှင်းကျေးရွာနေ စိုင်းဝဏ္ဏကျော်(ခ)လူပျိုကြီးနှင့် ထွန်းထွန်းဇော်(ခ)အစေ့ကေတို့သည် ၎င်းတို့အသုံးပြုသည့် “Sai Wunna Kyaw” Facebook အကောင့်နှင့် “Tun Tun Zaw” Facebook အကောင့်၊ ကျောက်တော်မြို့နယ် ပြည်တော်သာရပ်ကွက်နေ ဇော်ဝင်း(ခ)လူထုဇော်ဝင်းသည် ၎င်းအသုံးပြုသည့် “Zaw Win” Facebook အကောင့်၊ မြောက်ဦးမြို့နယ် ကျောက်ရာဇ်ကေရပ်ကွက်နေ ကျော်ဝင်းလှိုင်သည် ၎င်းအသုံးပြုသည့် “Kyaw Win Hlaing” Facebook အကောင့်၊ ကျောက်တော်မြို့နယ် ခေါင်တုတ်ကျေးရွာနေ ကျော်သန်းမောင်သည် ၎င်းအသုံးပြုသည့် “Kyaw Than Maung” Facebook အကောင့်၊ မင်းဂံရပ်ကွက်နေ ဇော်မိုးထက်သည် ၎င်းအသုံးပြုသည့် “Zaw Moe Htet” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက်ရပ်ကွက်နေ မျိုးမင်းသောင်းသည် ၎င်းအသုံးပြုသည့် “Myo Min Thaung” Facebook အကောင့်၊ စိန်ပန်းရပ်ကွက်နေ ထွန်းလင်း သည် ၎င်းအသုံးပြုသည့် “Htun Lin” Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် ပြည်သာယာလမ်းသွယ် ရပ်ကွက်ကြီး(၈)နေ အောင်မင်းခန့်(ခ)ဒါဒါနှင့် ရွှေကောင်းကင်(ခ)သားကြီးတို့သည် ၎င်းတို့အသုံးပြုသည့် “Dar Dar” Facebook အကောင့်၊ “Shwe Sky” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ကြည်ကြည်ခိုင်(ခ)ချောစုသည် ၎င်းအသုံးပြုသည့် “Chaw Su” Facebook အကောင့်၊ အလုံမြို့နယ် မြင်းခြံရပ်ကွက်နေ သန်းထိုက်ဇော်(ခ) ဖက်တီးသည် ၎င်းအသုံးပြုသည့် “Fattee” Facebook အကောင့်၊ ကျောက်တံတားမြို့နယ် အမှတ် (၃)ရပ်ကွက်နေ လှလှဝင်းသည် “၎င်းအသုံးပြုသည့် “Hla Hla Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်　ဇူလိုင် ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



အားကျို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် ည ၁၀ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာတံတားတွင် ပါကွေ့ကျေးရွာမှ လွယ်တော်ခမ်းကျေးရွာသို့ အားကျို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို သတင်းအရရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၁၂ နာရီတွင် တာချီလိတ်မြို့နယ် စန်းလုကျေးရွာ ရော်ဘာခြံရှိ အားဆော်၏ နေအိမ်ကိုရှာဖွေရာ အားဆော်မှာ တိမ်းရှောင်သွားပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉၆ သိန်း၊ ဘိန်းဖြူ သုည ဒသမ ၆၈ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ၉ ကီလိုနှင့် ကတ်တမင်း သုည ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉၈ သိန်း၊ ဘိန်းဖြူ သုည ဒသမ ၆၈ ကီလို၊ အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ၉ ကီလိုနှင့် ကတ်တမင်း သုည ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ရုံးဖွင့်ပွဲ ကျင်းပ

**နမ့်စန်　ဇူလိုင်　၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်စန်ခရိုင်ရုံးဖွင့်ပွဲနှင့် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တွေ့ဆုံမိတ်ဆက်ပွဲကို ယနေ့ နံနက် ၁၀ နာရီက နမ့်စန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နမ့်စန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းနှင့် နမ့်စန်၊ ကွန်ဟိန်း၊ မိုးနဲ၊ ခိုလန်၊ ကာလိနှင့် ကျိုင်းတောင်းမြို့တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့အုပ်ချုပ်ရေးမှူးများက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်များမှ ဌာနဆိုင်ရာအကြီးအကဲများတွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် နမ့်စန်မြို့ပေါ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိတ်ဆက်စကားများ ပြောကြားခဲ့သည်။

ထို့နောက် နမ့်စန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက မိတ်ဆက်အမှာစကားပြောကြားပြီး ခရိုင်ရုံးသစ်စတင်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် ဖွင့်ပွဲသို့ နမ့်စန်၊ ကွန်ဟိန်း၊ မိုးနဲ၊ ခိုလန်၊ ကာလိနှင့် ကျိုင်းတောင်းမြို့တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နမ့်စန်မြို့နယ်မှခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**




# ပဲခူးမြို့၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြ

**ပဲခူး　ဇူလိုင်　၁**

ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများအသုံးပြုခြင်းဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လယ်ယာမြေများ ထယ်ရေးထွန်ယက်ခြင်းလုပ်ငန်းအား အချိန်ကုန်လူပင်ပန်းသက်သာစွာဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ လက်ကိုင်ရှည်လက်တွန်းထွန်စက်လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့် ထွန်ယက်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ပဲခူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက သမန်းကုန်းကျေးရွာ ကွင်းအမှတ်(၅၃၅/ခ) သမန်းကုန်းအနောက်ကွင်း တောင်သူ ဦးတင်မောင်ကျော်၏ လယ်မြေ ၁၀ ဧကရှိ စံပြကွက်များ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပဲခူးမြို့ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးငွေအောင်က ၂၀၂၂-၂၀၂၃ မိုးစပါးကေများစိုက်ပျိုးရန် လျာထားပြီး လက်ကိုင်ရှည်လက်တွန်းထွန်စက်အကြောင်းနှင့် ကောက်စိုက်စက်အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက လက်ကိုင်ရှည်လက်တွန်းထွန်စက် လူထိုင်စီး၍ တမန်းမွှေကိရိယာဖြင့်ထွန်ယက်ခြင်းနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းတို့ကို လက်တွေ့သရုပ်ပြရာ ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားကြီးမြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျုံ့ပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဖွင့်ပွဲ ကျင်းပ

**ကျုံ့ပျော် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်အဆင့်တိုးမြှင့်သည့် ကျုံ့ပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဖွင့်ပွဲအား တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်းတို့က ကျုံ့ပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျုံ့ပျော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖွင့်ပွဲတွင် ဧည့်ခံဖျော်ဖြေသည့် အိုးစည်ဗိုင်းနှင့်ကရင်ဒုံးယိမ်းအကအဖွဲ့များအား ဆုများပေးအပ် ချီးမြှင့်ပြီး ခရိုင်ရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်အောင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအား သွားရောက်ဖွင့်လှစ်ပေးခဲ့ပြီး ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေး၊ ရုံးသုံးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ စနစ်တကျကိုင်တွယ်အသုံးပြုရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဗန်ကောက်-ရန်ကုန် လေကြောင်းလိုင်း သုံးလိုင်းမှ တိုက်ရိုက်ပျံသန်းပြေးဆွဲ

**ရန်ကုန် ဇူလိုင် ၁**



ဗန်ကောက်-ရန်ကုန် လေကြောင်းခရီးစဉ်ဖြစ်သော Thai Air Asia၊ Thai Smile၊ Nok Air လေကြောင်းခရီးစဉ်များကို ယနေ့မှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တိုက်ရိုက်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း Yangon Aerodrome Company Limited(YACL)မှ သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့နံနက် ၈နာရီကျော်တွင် Thai Air Asia ၏ လေယာဉ်အမှတ် FD-252 စတင်ရောက်ရှိပြီး ထိုင်းလေကြောင်းလိုင်းခရီးစဉ် သုံးခုအနေဖြင့် ရန်ကုန်-ဗန်ကောက်ပြေးဆွဲမှုကို တစ်ပတ်လျှင် တနင်္လာ၊ သောကြာ၊ တနင်္ဂနွေ သုံးရက် တိုက်ရိုက်ပျံသန်းပြေးဆွဲမှုမှ ခရီးသည်သွားလာမှုပေါ် မူတည်၍ အပတ်စဉ် ပြေးဆွဲသွားမည်ဖြစ်သည်။

"ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေနဲ့ ကိုဗစ်နဲ့ပတ်သက်တဲ့ ဖြေလျှော့မှုတွေကို ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီး ဖြေလျှော့မှုတွေကိုဆောင်ရွက်ပေးနေတာကြောင့် မကြာမီလေကြောင်းလိုင်းတွေ ဝင်ရောက်လာတော့မှာပါ။ လေကြောင်းလိုင်းတွေ ပွင့်လန်းမှုဟာ ယနေ့ပြည်တွင်းခရီးသွားလုပ်ငန်း၊ ပြည်တွင်းလေကြောင်းလိုင်းနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးကဏ္ဍကို အထောက်အပံ့ဖြစ်စေမှာပါ"ဟုMyanmar Airways International မှ ကပ္ပတိန်ကျော်စိုးလှက ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အိန္ဒိယ၊ တရုတ်၊စင်ကာပူလေကြောင်းလိုင်းနှင့် အခြားသောလေကြောင်းလိုင်းအချို့ ပျံသန်းပြေးဆွဲလျက်ရှိပြီး မလေးရှား၊ ဂျပန်၊ ကိုရီးယားလေကြောင်းလိုင်းများလည်း မကြာမီပျံသန်းပြေးဆွဲမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေကြောင်းခရီးစဉ်ပျံသန်းပြေးဆွဲမှုကို ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်တွင် စတင်ရပ်နားထားခဲ့ရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းမှုကြောင့် ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစတင်၍ နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ-သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**

# မြန်မာအမျိုးသမီးများနေ့(အကြို) စုပေါင်းကာယလေ့ကျင့်ခန်းပြုလုပ်

**ဘားအံ ဇူလိုင် ၁**

၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့(အကြို) လှုပ်ရှားမှုအနေဖြင့် ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၇ နာရီခန့်က စုပေါင်း ကာယလေ့ကျင့်ခန်း ပြုလုပ်သည့်အစီအစဉ်ကို ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ကျင်းပသည်။

စုပေါင်းကာယလေ့ကျင့်ခန်း အစီအစဉ်တွင် ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ၊ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း အင်အား ၁၂၀ ခန့်ဖြင့် စုပေါင်းကာယလေ့ကျင့်ခန်းများ၊ အကြော လျှော့လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာ ဝန်ကြီး ဦးစိုးလွင်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကိုနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ကရင်ပြည်နယ် မြန်မာအမျိုးသမီးများနေ့(အကြို)လှုပ်ရှားမှုအနေဖြင့် ဇူလိုင် ၂ ရက်တွင် နည်းပညာတက္ကသိုလ်(ဘားအံ)၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပသွားမည် ဖြစ်ပြီး ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်(အကြို)ဟောပြောပွဲ ကျင်းပ

**သဃ်န်းကျွန်း ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်(အကြို)ဟောပြောပွဲအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး စာရေးဆရာမ တင်ထက်ထက်ဇော်(ပေါက်ပေါက်)က ပါလီမန်ခေတ်ကာလက ထင်ပေါ်ကျော်ကြားခဲ့သော မြန်မာအမျိုးသမီးများအကြောင်းတို့နှင့်ပတ်သက်ပြီး အနာဂတ်အမျိုးသမီးငယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော လူငယ်လူရွယ်လေးများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ စာရေးဆရာမ တင်ထက်ထက်ဇော် (ပေါက်ပေါက်)က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အခြေခံ မော်တာစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**လှည်းကူး ဇူလိုင် ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားခဲ့သည့် အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရဲမွန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ပြီး ရဲမွန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က သင်တန်းဖွင့်လှစ်သင်ကြားပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အခြေခံမော်တာစက်ချုပ်သင်တန်းကို ဇွန် ၁ ရက်မှ ၃၀ ရက်အထိ တစ်လကြာ စာတွေ့၊ လက်တွေ့တို့ဖြင့် သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ရဲမွန်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၇၇၅ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၈ | ၂၀၃၁ |
| 95 Ron | ၂၀၆၇ | ၂၁၄၂ |
| HSD (500 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (50 ppm) | ၂၃၄၉ | ၂၄၂၆ |
| HSD (10 ppm) | ၂၃၄၉ | ၂၄၂၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မိုင်းဖုန်းဆရာတော်အား လာရောက်ဖူးမြော်သူများ အဆင်ပြေစေရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**ကျိုင်းတုံ ဇူလိုင် ၁**

မိုင်းဖုန်းဆရာတော်သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့ မိုင်းကျတ်ကျေးရွာအနီးရှိ မိုင်းကျတ်အထက်ဂူတွင် ၂၀၁၉ ခုနှစ် မေ ၂၈ ရက်မှစတင်၍ အဓိဋ္ဌာန်ပြု တရားကျင့်ကြံအားထုတ်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် သုံးနှစ်၊ သုံးလ၊ သုံးရက် အဓိဋ္ဌာန်ပြည့်၍ မိုင်းကျတ်အထက်ဂူမှ ထွက်တော်မူလာမည့် မိုင်းဖုန်းဆရာတော်အား လာရောက်ဖူးမြော်သူများ အဆင်ပြေစေရေး တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



**လာရောက်ဖူးမြော်**

မိုင်းဖုန်းဆရာတော် အဓိဋ္ဌာန်ပြု တရားကျင့်ကြံအားထုတ်သည့် ကျောက်ဂူသည် မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့ မိုင်းကျတ်ကျေးရွာအနီး လမ်းခရီးဝေးလံခက်ခဲသည့် ဒေသတွင်တည်ရှိပြီး သုံးနှစ်၊ သုံးလ၊ သုံးရက်အဓိဋ္ဌာန်ပြည့်၍ ထွက်တော်မူလာမည့် မိုင်းဖုန်းဆရာတော်အား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးရေး၊ နေထိုင်တည်းခိုရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးလိုအပ်ချက်များ အဆင်ပြေစေရေးအတွက် ပြင်ဆင် ဆောင်ရွက်နေမှုများကို ဇွန် ၂၈ ရက်က ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ အလှူငွေနှင့် ဆေးဝါးများလှူဒါန်းခဲ့ပြီး လိုအပ်သည်များ ကူညီပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းဖုန်းဆရာတော်သည် ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် သုံးနှစ်၊ သုံးလ၊ သုံးရက် အဓိဋ္ဌာန်ပြည့် မိုင်းကျတ်ဂူမှ ထွက်တော်မူလာမည်ဖြစ်ပြီး မိုင်းကျတ်အောက်ဂူတွင် အပူဇော်ခံ၍တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

မိုင်းဖုန်းဆရာတော် အဓိဋ္ဌာန်ဝင်သည့် မိုင်းကျတ်ကျောက်ဂူသို့ မိုင်းဆတ်မြို့နှင့် မိုင်းပျဉ်းမြို့များမှ တစ်ဆင့် သွားရောက်နိုင်ပြီး အဆိုပါမြို့များနှင့် ၃၇ မိုင်ခန့် အကွာတွင် တည်ရှိသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများက ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**ငပုတော ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများ စုပေါင်းပြီး ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီက တောင်ပိုင်းရပ်ကွက်ရှိ မဟာစည် သာသနာ့ဗိမ္မာရိပ်သာကျောင်းတိုက်၌ ပြုလုပ်သည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆက်ကပ်လှူဒါန်းရာတွင် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်မှုဖြင့် ဆွမ်းဆန်တော်ရှစ်အိတ်ကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒထံဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# နာဂဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် ချင်းတွင်းတံတား(ထမံသီ)

ဗညားဦး



ထမံသီတံတား တည်ဆောက်ရေးစီမံကိန်းကို တွေ့ရစဉ်။

စိမ်းစိုနေသည့်တောတောင်၊ သန့်စင်လတ်ဆတ်သည့် လေထုနှင့် ရိုးသားစွာနေထိုင်တတ်ကြသည့် နာဂရိုးရာယဉ်ကျေးမှုများသည် ခရီးသွားပြည်သူနှင့် အကျွမ်းတဝင် မထိတွေ့ရသေးပေ။ ရင်သပ်ရှုမောဖွယ် လှပသည့်တောင်တန်းများကပင် သွားရေးလာရေးခက်ခဲစေရန် အတားအဆီးဖြစ်နေပြီး နာဂဒေသဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်နေစေသည်။ ထိုကဲ့သို့အခြေအနေကို ကျော်လွှန်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းကွန်ရက်၊ တံတားကွန်ရက်ချိတ်ဆက်မှုတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ချင်းတွင်းမြစ် အရှေ့ဘက်ခြမ်းရှိ ဟုမ္မလင်းနှင့် ခန္တီးမြို့များနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲတို့ကို ဆက်သွယ်သွားလာနိုင်မည့် ချင်းတွင်းတံတား(ထမံသီ)ကို တည်ဆောက်လျက်ရှိသည်။ ချင်းတွင်းတံတား(ထမံသီ)သည် ပင်းမာ-ထမံသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းပေါ်တွင် တည်ရှိသည်။

### ဒေသလူမှုစီးပွားကို အထောက်အကူဖြစ်

"မြစ်အရှေ့ခြမ်းနဲ့ အနောက်ခြမ်းဖွံ့ဖြိုးမှုကို တူညီစေဖို့ဆိုတာ တံတားရှိမှပါ။ ကျွန်တော်တို့ဒေသက သွားရေးလာရေး အခက်အခဲရှိတဲ့ဒေသအဖြစ် တည်ရှိနေသေးတယ်။ ဖွံ့ဖြိုးဖို့လိုအပ်နေသေးတယ်။ ဒေသဖွံ့ဖြိုးဖို့ လမ်းတွေ၊ တံတားတွေက အခြေခံဖြစ်တဲ့အတွက် ဒီဟာတွေ ပြည့်စုံလာဖို့ မျှော်လင့်တယ်။ တံတားကြီး ပြီးသွားပြီဆိုရင် ဘာပဲပြောပြော ပိုပြီးလွယ်လွယ်ကူကူနဲ့ သွားလာနိုင်တော့မယ်။ ဒီတံတားက ဒေသလူမှုစီးပွားကို အများကြီး အထောက်အကူဖြစ်စေမှာပါ" ဟု ဒေသခံဦးအောင်နိုင်က ပြောသည်။

ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား/ သဘာဝ အနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာခြားနေမှုကို လျှော့ချရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန် သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရန် လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းများနှင့်အတူ တံတားများအားလုံး တစ်ပြေးညီတိုးတက်ကောင်းမွန်ရေးကို တံတားဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

### ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်

တံတားဦးစီးဌာနက တည်ဆောက်ဆဲ ချင်းတွင်းတံတားသည် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင် ၂၄/၇ ရှိ ပင်းမာရွာမှ ချင်းတွင်းမြစ်ကို ဖြတ်၍ ထမံသီမှတစ်ဆင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲကို ဆက်သွယ်ပေးမည့် တံတားတစ်စင်းဖြစ်သည်။ အဆိုပါ တံတားတည်ဆောက်ခြင်းဖြင့် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့များနှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ လေရှီး၊ ဆွမ္မရာဒေသမှ ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်စေရန်နှင့် လူမှုစီးပွားဘဝမြင့်မားပြီး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲဒေသခံများ၏ လူမှုစီးပွားကို များစွာအထောက်အကူပြုစေမည့် တည်ဆောက်ဆဲ ချင်းတွင်းတံတား(ထမံသီ) တည်ဆောက်ရေးစီမံကိန်းသည် ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု၏ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး တံတားတည်ဆောက်မှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့ (၂)က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

"ပြီးစီးတဲ့ လုပ်ငန်းတွေပြောရရင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ အကြိုအင်ဂျင်နီယာလုပ်ငန်းတွေ၊ ပင်မတံတားရေလယ်တိုင် အုတ်မြစ်၊ ချဉ်းကပ်တံတား အုတ်မြစ်နဲ့ ကိုယ်ထည်လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် mini budget မှာတော့ ပင်မတံတား ရေလယ်တိုင် အုတ်မြစ်လုပ်ငန်းနဲ့ ချဉ်းကပ်တံတား ကိုယ်ထည်လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) မှ ညွှန်ကြားရေးမှူးက ပြောသည်။

### တံတားအူကြောင်း သုံးကြောင်းဖြင့် စတင်

အဆိုပါ တံတားတည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းဖြစ်နိုင်ခြေ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်တွင် တံတားအူကြောင်း သုံးကြောင်းဖြင့် စတင်လေ့လာဆောင်ရွက်ခဲ့ကြောင်း တံတားဦးစီးဌာနမှ သိရသည်။ တံတားဦးစီးဌာနအနေဖြင့် ရွေးချယ်ထားသော တံတားအူကြောင်းသုံးခုအနက် နည်းပညာဆိုင်ရာ နှိုင်းယှဉ်ချက်၊ စီးပွားရေးဆိုင်ရာ နှိုင်းယှဉ်ချက်၊ လူမှုရေးရှုထောင့် အထွေထွေနှိုင်းယှဉ်ချက်များအရ လျာထားတံတားအူကြောင်းတစ်ခုကို ရွေးချယ်ခဲ့သည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းတာရေးလုပ်ငန်းနှင့် မြေစမ်းသပ်ခြင်းလုပ်ငန်းကို တံတားအထူးအဖွဲ့ (၂) က ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် တံတားတည်ဆောက်ရေးလုပ်ငန်းများကို တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ၈၀ ရာခိုင်နှုန်းကျန်

"တံတားကြီး ပြီးစီးဖို့က ရာခိုင်နှုန်းနဲ့ပြောရင်တော့ ၈၀ ရာခိုင်နှုန်းကျန်တယ်။ လုပ်ငန်းရပ်အနေနဲ့ ကျန်နေတာကို ပြောရရင်တော့ ချဉ်းကပ်တံတား (ပင်းမာဘက်ကမ်း) မှာ အပေါ်ထည်လုပ်ငန်းတွေဖြစ်တဲ့ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မလုပ်ငန်း၊ ကြမ်းခင်းလုပ်ငန်း၊ လက်ရန်းလုပ်ငန်းတွေ၊ ထမံသီဘက်ကမ်းမှာ အောက်ခြေအုတ်မြစ်လုပ်ငန်း၊ ကိုယ်ထည်နဲ့ အပေါ်ထည်လုပ်ငန်းတွေနဲ့ ပင်မတံတားမှာ အပေါ်ထည်လုပ်ငန်းတွေ၊ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း၊ ကြမ်းခင်းခြင်းလုပ်ငန်း၊ လက်ရန်းတပ်ဆင်ခြင်း စတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ တံတားကြီးတည်ဆောက်လို့ပြီးရင် ဒေသခံပြည်သူတွေရဲ့ ဆက်သွယ်သွားလာမှု ပိုအဆင်ပြေလာမှာဖြစ်သလို အခြားကဏ္ဍတွေ ဖွံ့ဖြိုးမှုလည်း နောက်က လိုက်ပါဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အဖွဲ့အနေနဲ့ ကျန်နေသေးတဲ့ လုပ်ငန်းရပ်တွေကိုလည်း ဘဏ္ဍာငွေရရှိမှုအရ အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းသွားမှာပါ" ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူးက ပြောသည်။

တံတားဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပင်မတံတား ရေလယ်တိုင် အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းများ၊ ချဉ်းကပ်တံတား ကိုယ်ထည်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"ဒီနှစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ပြီးရင် တံတားတစ်စင်းလုံးပြီးစီးမှုက ၃၀ ရာခိုင်နှုန်းအထိ ပြီးစီးမှာဖြစ်ပါတယ်။ လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မယ့် လုပ်ငန်းတွေကတော့ လျာထားပြီးဖြစ်ပါတယ် " ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

### အရှည် ၈၀၁ မီတာရှိ

ချင်းတွင်းတံတား (ထမံသီ)သည် အရှည် ၈၀၁ မီတာနှင့် တံတား၏ ခံနိုင်ဝန် ၇၅ တန် ရှိမည်ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာရှိပြီး ပင်မတံတားအရှည်သည် ၄၈၃ ဒသမ ၅ မီတာ ရှိမည်ဖြစ်ကာ သံမဏိသံပေါင်ခုံးတံတားအမျိုးအစားဖြစ်သည်။ တံတား၏ချဉ်းကပ်နှင့် ပင်မရေလယ်တိုင် အုတ်မြစ်များကို သံကူကွန်ကရစ်ဘိုးပိုင်များဖြင့် တည်ဆောက်ထားကြောင်း တံတားဦးစီးဌာနမှ သိရသည်။

တံတားများ တည်ဆောက်ရာတွင် Quality Management System ဖြင့် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ထားရှိကြောင်း တံတားဦးစီးဌာနမှ သိရသည်။

ချင်းတွင်းတံတား (ထမံသီ) တည်ဆောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) မှ လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) က "တောင်စဉ်တောင်တန်းပေါ်က အရှိန်နဲ့စီးဆင်းလာတဲ့ မြစ်ပေါ်မှာ တံတားတည်ဆောက်ရတာ အမြဲသတိရှိဖို့လိုအပ်ပါတယ်။ ချင်းတွင်းမြစ်က ရေစီးသန်တယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို အမြဲဦးစားပေးရတယ်။ ဒါကြောင့် တံတားတည်ဆောက်ရေးမှာ တက်ညီလက်ညီနဲ့ အဖွဲ့လိုက်စနစ်တကျ ဆောင်ရွက်ရပါတယ်။ တံတားကြီး သတ်မှတ်တဲ့အချိန်မှာ ပြီးစီးဖို့ တာဝန်တွေကိုတော့ နေ့နဲ့ည အဆိုင်းအလိုက် တည်ဆောက်ရေးအပိုင်း၊ လျှပ်စစ်အပိုင်း၊ ယန္တရားအပိုင်း၊ ရေသန့်အပိုင်း စသဖြင့် အပိုင်းအလိုက် ဆောင်ရွက်ကြပါတယ်" ဟု ပြောပြသည်။

ထမံသီတံတား တည်ဆောက်မည့် ချင်းတွင်းမြစ်သည် ဟူးကောင်းချိုင့်ဝှမ်းတွင် မြစ်ဖျားခံစီးဆင်းလာပြီး မိုင် ၇၅၀ ခန့် ရှည်လျားကာ ဧရာဝတီမြစ်အတွင်းသို့ မြင်းခြံမြို့နှင့် ရေစကြိုမြို့အနီးတွင် စီးဝင်သည်။ ချင်းတွင်းမြစ်ပေါ်တွင် ချင်းတွင်းတံတား(ဆင်ဖြူရှင်)၊ ချင်းတွင်းတံတား(မုံရွာ)၊ ချင်းတွင်းတံတား (ဟုမ္မလင်း)၊ ချင်းတွင်းတံတား (ကလေးဝ)၊ ချင်းတွင်းတံတား(ခန္တီး)တို့ကို တည်ဆောက်ပြီးဖြစ်သည်။

တည်ဆောက်ဆဲဖြစ်သည့် ချင်းတွင်းတံတား(ထမံသီ)ပြီးစီးပါက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစသည့်ကဏ္ဍစုံဖွံ့ဖြိုးလာစေရန်အထောက်အကူပြုနိုင်တော့မည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**"ချင်းတွင်းတံတား (ထမံသီ)သည် အရှည် ၈၀၁ မီတာနှင့် တံတား၏ခံနိုင်ဝန် ၇၅ တန် ရှိမည်ဖြစ်သည်။ တည်ဆောက်ဆဲဖြစ်သည့် ချင်းတွင်းတံတား(ထမံသီ) ပြီးစီးပါက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဆက်စပ်လျက်ရှိသည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်"**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

အခုအပတ်မှာ Unit 2 Lesson 1 : Tell me about you! နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။ ဒီသင်ခန်းစာမှာ ဝါသနာနဲ့ ရည်မှန်းချက် စကားလုံးဝေါဟာရတွေကို သိရှိနားလည်ဖို့နဲ့ ကိုယ်ရေးအချက်အလက်တွေကို မေးမြန်းပြောဆိုတတ်ဖို့ အဓိက ရည်ရွယ်ထားပါတယ်။

## Unit 2 Lesson 1 : Tell me about you!

(1) အောက်ပါတို့ကို မြန်မာလိုရေးပြပါ။

1. cycling __________
2. dancing __________
3. drawing __________
4. flying kites __________
5. gardening __________
6. listening to music __________
7. playing football __________
8. swimming __________
9. skipping __________
10. playing the guitar __________

(2) အောက်ပါတို့ကို အင်္ဂလိပ်လိုရေးပြပါ။

1. ရုပ်သံအစီအစဉ်တင်ဆက်သူ __________
2. စားဖိုမှူး __________
3. ဆရာဝန် __________
4. တရားသူကြီး __________
5. ရှေ့နေ __________
6. တယောတီးခတ်သူ __________
7. သင်္ဘောသား __________
8. လေယာဉ်မှူး __________
9. အဆိုတော် __________
10. သူနာပြု __________

**Speaking practice**
စကားပြော အပြန်အလှန်လေ့ကျင့်ပါ။

Student (A)
Student (B)

Student (A) : What's your name?
Student (B) : __________ Aung Aung
Student (A) : Where do you live?
Student (B) : __________ in Tatkon.
Student (A) : What's your hobby?
Student (B) : __________ playing football.
Student (A) : What's your ambition?
Student (B) : __________ to be a pilot.
Student (A) : What's your favourite food?
Student (B) : __________ Shan noodles.

- ◆ နာမည်ကိုမေးလျှင် ပြန်ဖြေသည့်အခါ
  I'm / My name is __________.
- ◆ နေရပ်လိပ်စာကို မေးလျှင် ပြန်ဖြေသည့်အခါ
  My address is ______ (or) I live in _________.
- ◆ ဝါသနာကိုမေးလျှင် ပြန်ဖြေသည့်အခါ
  My hobby is _______. (or) My hobbies are ____ and ____.
- ◆ ဘဝရည်မှန်းချက်ကို မေးလျှင် ပြန်ဖြေသည့်အခါ
  My ambition is to become a ____. (or) I want to be a ___.
- ◆ အကြိုက်ဆုံးအစားအစာကို မေးလျှင် ပြန်ဖြေသည့်အခါ
  My favourite food is _____. ဟု ပြောဆို၊ ရေးသားနိုင်ပါသည်။

**Writing practice**

(3) အောက်ပါစာပိုဒ်ကို ဖတ်ပြီး ကိုယ်ရေးအချက်အလက်များ ဖြည့်စွက်ပါ။

I am Zaw Thu Hein. I live in Mandalay. My hobbies are reading and playing table tennis. My ambition is to become an engineer. My favourite food is coconut noodles.

Name: __________
Address: __________
Hobby: __________
Ambition: __________
Favourite food: __________

(4) အောက်ပါအချက်အလက်များကိုအသုံးပြုပြီး စာပိုဒ်တစ်ပိုဒ်ပြန်လည်ရေးသားပါ။

| | |
|---|---|
| အမည် | Shwe Sin |
| လိပ်စာ | Bago Region |
| ဝါသနာ | reading and riding a bike |
| ဘဝရည်မှန်းချက် | a teacher |
| အကြိုက်ဆုံးအစားအစာ | fried rice |

(5) မိမိ၏ ကိုယ်ရေးအချက်အလက်များကို ရေးချပါ။

Name: __________
Address: __________
Hobby: __________
Ambition: __________
Favourite food: __________

(6)အတန်းဖော်သူငယ်ချင်းနှစ်ယောက်၏ကိုယ်ရေးအချက်အလက်များကို မေးမြန်းပြီး ရေးချပါ။

သူငယ်ချင်း (၁)
Name: __________
Address: __________
Hobby: __________
Ambition: __________
Favourite food: __________

သူငယ်ချင်း ( ၂ )
Name: __________
Address: __________
Hobby: __________
Ambition: __________
Favourite food: __________

(လာမည့်အပတ်တွင် Lesson 2 Talking about families သင်ခန်းစာပါ အကြောင်းအရာတွေကို ဖော်ပြပါမည်)

▼▼▼▼▼▼▼▼▼▼▼▼

## Grade 7

(ယခင်အပတ်မှအဆက်)

## Lesson 3: Comparing people or things (လူများ၊ အရာဝတ္ထုများကို နှိုင်းယှဉ်ခြင်း)

(3) Make two sentences into one using the comparative form of the adjective. The first one is done for you as an example.
ပေးထားသောစာကြောင်းနှစ်ကြောင်းကိုအလတ်စားနာမဝိသေသန နှိုင်းယှဉ်ဝါကျအဖြစ် ရေးပြပါ။ ပထမစာကြောင်းသည် သင့်အတွက် နမူနာ ပေးထားသည်။

1. Nyi Nyi is hardworking. Ko Ko is very hardworking.
   Ko Ko is more hardworking than Nyi Nyi.
2. Thuzar is slim. Kyi Pyar is very slim.
   Kyi Pyar is ________________________________.
3. Ohnmar is beautiful. Nilar is very beautiful.
   ________________________________.
4. Bo Bo is lazy. Nyo Nyo is very lazy.
   ________________________________.
5. My grandmother is talkative. My grandfather is very talkative.
   ________________________________.
6. Pu Pu is short-tempered. Nu Nu is very short-tempered.
   ________________________________.
7. My elder sister is funny. My younger sister is very funny.
   ________________________________.
8. Haymah is cheerful. Thiha is very cheerful.
   ________________________________.
9. Yan Naing is humble. Yan Paing is very humble.
   ________________________________.
10. Cats are intelligent. Dogs are very intelligent.
   ________________________________.

Ans:

2. Kyi Pyar is slimmer than Thuzar.
3. Nilar is more beautiful than Ohnmar.
4. Nyo Nyo is lazier than Bo Bo.
5. My grandfather is more talkative than my grandmother.
6. Nu Nu is more short-tempered than Pu Pu.
7. My younger sister is funnier than my elder sister.
8. Thiha is more cheerful than Haymah.
9. Yan Paing is humbler than Yan Naing.
10. Dogs are more intelligent than cats.

(4) In groups, compare your friends, using the appropriate comparative adjectives in Exercise1. လေ့ကျင့်ခန်း ၁ တွင်ပါရှိသော အလတ်စားနာမဝိသေသနများကို အသုံးပြုပြီး သူငယ်ချင်းများကို နှိုင်းယှဉ်ရေးသားပါ။

e.g. Mi Mi is more cheerful than Ei Ei.
Min Min is fatter than San San.

1. ______________________________.
2. ______________________________.
3. ______________________________.
4. ______________________________.
5. ______________________________.

★★★★★★★

## Lesson 4: A personal profile (ကိုယ်ရေးအချက်အလက်)

- Writing a personal profile
- * asking for personal information

ကိုယ်ရေးအချက်အလက်ရေးသားခြင်း ကိုယ်ရေးသတင်းအချက်အလက်များ မေးမြန်းခြင်း

Writing

(1) Fill in the blanks using your personal profile.

**My Personal Profile**

1. Name ______________________
2. Nationality ______________________
3. Date of Birth ______________________
4. Father's Name ______________________
5. Grade ______________________
6. Height ______________________
7. Hobbies ______________________
8. Kind of Person ______________________
9. Address ______________________
10. Contact No. ______________________

(2) သင်၏ကိုယ်ရေးအချက်အလက်များကို ဖြေဆိုပါ။ အတန်းဖော်သူငယ်ချင်းများနှင့် အပြန်အလှန်လေ့ကျင့်ပါ။

1. What's your name?
   ______________
2. How do you spell it?
   ______________
3. What's your nationality?
   ______________
4. What's your date of birth?
   ______________
5. What's your father's name?
   ______________
6. Where do you live?
   ______________
7. What kind of person are you?
   ______________
8. What are your hobbies?
   ______________
9. What will you be in ten years' time?
   ______________

(ဆက်လက်ဖော်ပြပါမည်)

## Grade 8

### Unit 2

### Lesson 1: At a new school

❍ People, places and things at school

❍ Asking for and giving information

Vocabulary

(1) Classrooms = စာသင်ခန်းများ
(2) Principal = ကျောင်းအုပ်ကြီး
(3) Chairs = ထိုင်ခုံများ
(4) Librarian = စာကြည့်တိုက်မှူး
(5) Office = ရုံးခန်း
(6) Playground = ကစားကွင်း
(7) Staff room = ဝန်ထမ်းများနားနေခန်း
(8) Library = စာကြည့်တိုက်
(9) Assembly hall = စုဝေးခန်းမ
(10) Canteen = စားသောက်ဆိုင်
(11) Gatekeeper = တံခါးမှူး
(12) Timetable = အချိန်ဇယား
(13) Vice-principal = ဒုတိယကျောင်းအုပ်
(14) Dustbin = အမှိုက်ပုံး
(15) Teachers = ဆရာ ဆရာမများ
(16) Students = ကျောင်းသားများ
(17) Backpacks = ကျောပိုးအိတ်များ
(18) Toilet = အိမ်သာ
(19) Clerk = စာရေး
(20) Maps = မြေပုံများ
(21) Laboratory = ဓာတ်ခွဲခန်း
(22) Cleaner = သန့်ရှင်းရေးလုပ်သား

**(A) Imagine you are a new student. What would you like to know about your new school? Write them down.**

(ကျောင်းသားသစ်တစ်ယောက်အဖြစ် တွေးထင်ပြီး ကျောင်းအသစ်နဲ့ ပတ်သက်တဲ့ သိချင်တဲ့အကြောင်းအရာတွေကို ရေးချပါ။)

______________________________________
______________________________________
______________________________________
______________________________________
______________________________________
__________________________

(နမူနာ- ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်၊ အချိန်ဇယား၊ တည်နေရာ၊ ကျောင်းသားဦးရေ၊ ကျောင်းစည်းကမ်း၊ ဆရာ ဆရာမတွေ အသင်အပြကောင်း မကောင်း၊ ကျောင်းတွင်းနှင့် ပြင်ပလှုပ်ရှားမှုများ)

**(B) Translate the following.**

(1) မင်းက ကျောင်းသားအသစ်လား။

______________________________

(2) ဒီကျောင်းမှာ ဆရာ ဆရာမ ဘယ်နှယောက်ရှိသလဲ။

______________________________

(3) ဒီကျောင်းမှာ ကျောင်းသားကျောင်းသူ ဘယ်နှယောက်ရှိသလဲ။

______________________________

(4) ကျောင်းအုပ်ကြီးက ဘယ်သူလဲ။

______________________________

(5) မင်းတို့အတန်းပိုင်ဆရာမက ဘယ်သူလဲ။

______________________________

(6) ဆရာမတွေက စာသင်ကောင်းကြသလား။

______________________________

(7) ကျောင်းသားကျောင်းသူတွေကရော စာတော်ကြလား။

______________________________

(8) ဒီကျောင်းက ဘယ်အချိန်စပြီး ဘယ်အချိန်မှာ ဆင်းတာလဲ။

______________________________

(9) နေ့လည်စာစားချိန်က ဘယ်အချိန်လဲ။

______________________________

(10) ကျောင်းစည်းကမ်းအချို့ကို ပြောပြပေးနိုင်မလား။

______________________________

**(C) Study the types of schools and match the types of schools(1–5) with the meanings (a–e).**

1. Government school = အစိုးရကျောင်း
2. Private school = ကိုယ်ပိုင်ကျောင်း
3. All–girls school = မိန်းကလေးသီးသန့်ကျောင်း
4. Monastic school = ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
5. Mixed school = ယောကျ်ားလေးရော မိန်းကလေးပါ ရောထားသည့်ကျောင်း

(a) A school for both boys and girls
(b) A school only for girls
(c) A school which is funded by the government
(d) A school where parents have to pay for their children's education
(e) A school organized by a monastery

(1) __________
(2) __________
(3) __________
(4) __________
(5) __________

**(D) Make a conversation with your friend. Imagine you are a new student and ask him/her about the new school.**

(စကားပြောအပြန်အလှန်လေ့ကျင့်ပါ။)

Student A: Hi! Good morning.

**Student B: Good morning. I'm _____. Are you a new student?**

Student A: Yeah. I'm _____. Can I ask you some questions?

**Student B: Sure. Go ahead.**

Student A: What's the name of our class teacher?

**Student B: Daw Thet Mon.**

Student A: What are the school hours?

**Student B: The school starts at 8 AM and is over at 3 PM. And the lunch break is from 11 to 11: 30.**

Student A: I see. Where is the school canteen?

**Student B: It's next to the assembly hall.**

Student A: Is there a library?

**Student B: Yes. You can read newspapers, journalists and books there.**

Student A: Can you tell me some important school rules?

**Student B: Certainly. We must attend school regularly. We mustn't be late for school. And we mustn't bring large sums of money.**

Student A: Can I bring my mobile phone to school?

**Student B: No. you can't bring valuable things to school.**

Student A: OK. What about the teachers? Are they good at teaching?

**Student B: Yes, they are. All of them are very good at teaching.**

Student A: What do you like most about the school?

**Student B: School activities. I enjoy doing them.**

++++++++++++++++++++++++

## Grade 9 (စနစ်ဟောင်း)

**Adverbs of frequency (ကြိမ်နှုန်းပြ ကြိယာဝိသေသန)**

ကြိမ်နှုန်းပြ ကြိယာဝိသေသနဆိုတာ လုပ်ရပ်တစ်ခုကို နှဘယ်ကြိမ်၊ ဘယ်နှခါ လုပ်ဆောင်သလဲဆိုတာကို ဖော်ပြပါတယ်။

**ဥပမာ။** ။ He always gets up early morning.
(သူ နံနက်တိုင်း အိပ်ရာအမြဲတမ်း စောစောထသည်။)
They sometimes go to the library.
(သူတို့ တစ်ခါတစ်ရံ စာကြည့်တိုက်သွားတယ်။)
She goes shopping twice a month.
(သူ တစ်လတစ်ခါ ဈေးဝယ်ထွက်တယ်။)

အထက်ပါ ဥပမာတွေကို လေ့လာကြည့်မယ်ဆိုရင် ကြိမ်နှုန်းပြ ကြိယာဝိသေသနတွေကို ရေးသားရာမှာ generally (ယေဘုယျအားဖြင့်) ဖော်ပြတာနဲ့ exactly (အတိအကျ) ဖော်ပြတာဆိုပြီး နှစ်မျိုးတွေ့မြင်နိုင်ပါတယ်။

Generally (ယေဘုယျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများ)

| | | |
|---|---|---|
| always | (အမြဲတမ်း) | 100% |
| usually | (များသောအားဖြင့်) | 90% |
| normally | (သာမာန်အားဖြင့်) | 80% |
| often | (မကြာခဏ) | 70% |
| sometimes | (တစ်ခါတစ်ရံ) | 30% |
| rarely | (ရံဖန်ရံခါ) | 10% |
| hardly ever | (ကြုံတောင့်ကြုံခဲ၊ ရှားရှားပါးပါး) | 5% |
| never | (ဘယ်တော့မှ) | 0% |

မှတ်သားရန်။ ။ ယေဘုယျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများကို ဝါကျများတွင် ထည့်သွင်းရေးသားရာတွင် Helping Verb, Verb to be တို့၏ အနောက်၊ Main Verb ရဲ့အရှေ့တွင် ထားရသည်။

**ဥပမာ။** ။ She is always late. (Verb to be ရဲ့အနောက်)
I've often been to the US. (HelpingVerbရဲ့အနောက်)
You must never play after a big meal. (Helping Verb ရဲ့အနောက်)
I usually walk to school. (Main Verb ရဲ့အရှေ့)
She hardly ever drinks tea. (Main Verb ရဲ့အရှေ့)

Exactly (အကြိမ်အရေအတွက်ကို အတိအကျဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများ)

every…(every day/ week/ month/ year/ Friday/ weekend)
once a …(day/ week/ month/ year)
three times a … (day/ week/ month/ year)
four times a …. (day/ week/ month/ year)

မှတ်သားရန်။ ။ အကြိမ်အရေအတွက်ကို အတိအကျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြကြိယာ ဝိသေသနများကို ဝါကျ၏ နောက်ဆုံးတွင် ထားရသည်။

ဥပမာ။ ။ He runs round the park every day. (စာကြောင်းရဲ့ နောက်ဆုံး)
I play tennis once a week. (စာကြောင်းရဲ့ နောက်ဆုံး)
She drinks milk once a day. (စာကြောင်းရဲ့ နောက်ဆုံး)
I play football every evening. (စာကြောင်းရဲ့ နောက်ဆုံး)
Mother cooks something special for us every weekend. (စာကြောင်းရဲ့ နောက်ဆုံး)

**(1) Put the words in brackets ( ) in the right place in these sentences.**

1. Father works late at the office. (sometimes)
__________________________________________.
2. Ko Ko plays golf. (twice a month)
__________________________________________.
3. I eat Monhinga for breakfast. (every day)
__________________________________________.
4. We watch the TV. (usually)
__________________________________________.
5. My father gives me pocket money. (once every two days)
__________________________________________.
6. We go to Mandalay for our holidays. (often)
__________________________________________.
7. Ma Ma goes to market. (every morning)
__________________________________________.
8. Father takes us to a restaurant. (every weekend)
__________________________________________.
9. They are at home in the evening. (rarely)
__________________________________________.
10. Grandpa tells us a story. (every night)
__________________________________________.
11. He visits his uncle. (three times a year)
__________________________________________.
12. She has a shower. (twice a day)
__________________________________________.
13. Father buys a newspaper. (once a day)
__________________________________________.
14. I go abroad. (once a year)
__________________________________________.
15. He goes swimming. (twice a week)
__________________________________________.

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# စည်းစိမ်

သိပ္ပံမောင်ဝ

မောင်လူအေး ဘီအေအောင်သည်မှာ အတော်ပင်ကြာလေပြီ။ ဘီအေအောင်ပြီးသည့်နောက် ဝန်ထောက်အလုပ်ကိုရသောကြောင့် ငွေဝင်လမ်းမှန်လျက်နေပေ၏။ ဝတ်ရေး၊ စားရေးအတွက် ပူပန်ရန် တစ်စုံတစ်ရာမရှိ။ တင့်တင့်တယ်တယ် နေထိုင်နိုင်သူတစ်ယောက် ဖြစ်လေသည်။

သို့သော်လည်း ယခုထက်တိုင် မောင်လူအေး သားမယားမရှိ။ တစ်ကိုယ်တည်း လူပျိုကြီးလုပ်နေသောကြောင့် မိတ်ဆွေအပေါင်းက မကြာမကြာ ပြောင်လှောင်လေ့ရှိလေသည်။ ဤသို့ မိတ်ဆွေများ ပြောင်ကြလှောင်ကြစေကာမူ မောင်လူအေးမှာ အမည်နှင့်လိုက်အောင်ပင် အေးအေးဆေးဆေးတစ်ယောက်တည်းပင် အပူမရှာသေးဘဲ ဘူတာကလေးလုပ်လျက်နေပေ၏။

ပညာလည်းပြည့်စုံ၊ အလုပ်အကိုင်ကလည်း လက်ရှိ၊ ရိုးသားကြောင်းကိုလည်း အများအသိပင်ဖြစ်သောကြောင့် မောင်လူအေးအား သမက်ဖမ်းလိုသော ယောက္ခမလောင်းများ အတော်အတန် ပေါ်ပေါက်ခဲ့လေသည်။

မိဘများကလည်း တစ်ယောက်တည်းရပ်ဝေးတွင် လွှတ်ထားရမည်ကို စိတ်မချသောကြောင့် သင့်လျော်သောသူတစ်ယောက်ယောက်၏သမီးနှင့်နေရာချလိုသဖြင့် မောင်လူအေးအား မကြာမကြာ စာလှမ်း၍ပေးလေ့ရှိ၏။ မောင်လူအေးလည်း အေးအေးနေပါရစေဟူ၍သာလျှင် မိခင် ဖခင်တို့ထံသို့ စာပြန်လိုက်လေ၏။ ဤနည်းအတိုင်း မောင်လူအေးမှာ အသက် ၃၀ နီးပါး ရောက်၍လာလေတော့သတည်း။

ယခုအခါတွင်ကား မောင်လူအေးသည် အထက်အညာ ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသောမြို့တစ်မြို့၌ ဝန်ထောက်အလုပ်ဖြင့် နေထိုင်လျက်ရှိ၏။ ဧရာဝတီမြစ်ဘက်သို့ မျက်နှာပြု၍ ဆောက်ထားသောအိမ်တွင် မိမိအစေခံများနှင့်အတူတူ တစ်ကိုယ်တည်းနေထိုင်လျက်ရှိပေ၏။

အစေခံဆိုရာမှာလည်း များများစားစား မရှိ။ မောင်သူနှင့် သူ၏မယား မယ်အေး၊ သမီးကလေး သန်းမေပါ သုံးယောက်သာရှိလေသည်။ မိမိသွားလေရာပါသော ကြောင်ကြီးနှစ်ကောင်၊ ကြောင်မကြီးမှ မွေးသော ကြောင်ကလေးသုံးကောင်အပြင် အခြားအိမ်သားဟူ၍ မရှိချေ။ ကြောင်ကလေးများမှာလည်း ကစားတတ်တုန်းအရွယ် နှစ်လ ကျော်ကျော်သာရှိကြသေး၏။

အိမ်အသုံးအဆောင်ဆို၍လည်းများစွာမရှိ။ ပက်လက်ကုလားထိုင်တစ်လုံး၊ ရိုးရိုးကုလားထိုင်သုံးလုံး၊ စာရေးစားပွဲတစ်ခု၊ စာအုပ်တင်သော စင်ကလေးတစ်ခု၊ စာထည့်သော စာခြင်းတစ်လုံး၊ မိမိကောလိပ်နေစဉ်က မိတ်ဆွေများနှင့် ရော၍ရိုက်ထားသော ဓာတ်ပုံသုံးလေးပုံသာ ဧည့်ခန်းထဲ၌ရှိ၏။

အိပ်ခန်းတွင်ကား အဝတ်သေတ္တာတစ်လုံး၊ ဖိနပ်များထည့်သော ဖာတစ်လုံး၊ ခေါက်ခုတင်တစ်ခုနှင့် အိပ်ရာလိပ်၊ စောင်အစရှိသော အသုံးအဆောင်များသာရှိ၏။

ထမင်းစားခန်းတွင်ကား စားပွဲ၊ ကုလားထိုင်ဟူ၍မရှိ။ သစ်တုံးကလေးနှစ်တုံးပေါ်တွင် ပျဉ်ပြားတစ်ချပ်ခင်း၍ ထမင်းစားပွဲပြုလုပ်ကာထား၏။ ထမင်းစားသောက်သောအခါ ကြမ်းပေါ်တွင်ထိုင်၍ စားလေသည်။

ဤသို့ တစ်ယောက်တည်း အိမ်အသုံးအဆောင်အနည်းငယ်မျှ၊ အစေခံတစ်ယောက်နှစ်ယောက်မျှနှင့် နေထိုင်ရသည်ကိုမည်သူ နှစ်သက်ပါအံ့နည်း။ မောင်လူအေးမှာမူကား သူတကာကဲ့သို့ ခမ်းခမ်းနားနား နေထိုင်ခြင်းကိုမနှစ်သက်။ ယခုလက်ရှိ အသုံးအဆောင်တို့ပင် များသေးသည်ဟုထင်ကာ ဖြုတ်ပစ်ချင်သေး၏။ လူထူးလူဆန်းတစ်ယောက်ပေတည်း။

တစ်နေ့သ၌ မောင်လူအေး ရုံးမှစောစောဆင်းလာခဲ့၏။ အိမ်သို့ရောက်လျှင် အစေခံပြင်ထားသော ကော်ဖီတစ်ခွက်ကိုသောက်၊ ဘောင်းဘီတိုနှင့် ရှပ်အင်္ကျီကိုဝတ်၊ တုတ်ကောက်တစ်ချောင်းကို ကိုင်ကာ ဧရာဝတီမြစ်ကမ်းခြေတစ်လျှောက် လျှောက်၍လာခဲ့၏။

မိမိလျှောက်၍လာသော လမ်းတစ်လျှောက်တွင် လူသူမရှိ၊ တိတ်ဆိတ်လျက်နေပေ၏။ တစ်ရံတစ်ခါ မြစ်ထဲတွင် ငါးဖမ်းနေကြသော တံငါလှေကလေး တစ်စင်း၊ နှစ်စင်းကို တွေ့မြင်ရ၏။ ရေစပ်တွင် ငါးကိုစောင့်၍ စားနေကြသော ဗျိုင်းများကိုလည်းကောင်း၊ တိန်ညင်းငှက်များကိုလည်းကောင်း တွေ့မြင်ရ၏။ ကမ်းခြေတစ်လျှောက်တွင် စိုက်ထားသော ပြောင်းခင်း၊ ပဲခင်းတို့ စိမ်းစိမ်းစိုစိုနေသည်ကို မြင်ရသည်ကိုပင် စိတ်ရွှင်လန်းလျက်နေ၏။

ထိုခဏတွင် လောကကြီးကို လုံးလုံးမေ့လျက်နေပြီးလျှင် လောက၏အပဖြစ်သောနေရာသို့ ရောက်နေသကဲ့သို့ ထင်မှတ်မိပေ၏။ ဤသို့ ရွှင်လန်းလျက်နေသည့်အထဲတွင် စိတ်အတွင်း၌ ဟာတာတာ ဖြစ်၍နေ၏။ တစ်စုံတစ်ခုမှာ မပြည့်စုံသကဲ့သို့ ဖြစ်နေပေ၏။ လွမ်းသလိုလို ဘာလိုလို၊ ဘယ်လိုနေမှန်းမသိ ဖြစ်နေပေ၏။ ဤသို့ဖြစ်ပြီး စဉ်းစားရင်းပင် အိမ်သို့ပြန်လာခဲ့လေသတည်း။

အိမ်သို့မှောင်မှပြန်ရောက်၏။ အိမ်သို့ရောက် ရေမိုးချိုး၊ ထမင်းဟင်းစားသောက်ပြီးလျှင် အိမ်ရှေ့အပြင်ဘက်ဝရန်တာတွင် ပက်လက်ကုလားထိုင်ကိုထုတ်ကာ ထိုင်ပြီးလျှင် အတွင်းဘက်မှ ထွက်နေသော မီးရောင်၌ နေ့ခင်းကရောက်လာသော သတင်းစာ တစ်စောင်ကို ဖတ်၍နေ၏။

လဆန်း ၁၀ ရက်နေ့ညဖြစ်သောကြောင့် လသာလျက်နေ၏။ အမြဲမပြတ်စီးဆင်းလျက်နေသော ဧရာဝတီမြစ်ပေါ်သို့ လရောင်ကျနေသောကြောင့် မြစ်တစ်ခုလုံး အရောင်တောက်လျက်နေပေ၏။ ညဥ့်ဦးယံဖြစ်သောကြောင့်လည်း လေညင်းက တိုက်ခတ်လျက်နေ၏။

ထိုခဏတွင် လောကကြီးကို လုံးလုံးမေ့လျက်နေပြီးလျှင် လောက၏အပဖြစ်သောနေရာသို့ ရောက်နေသကဲ့သို့ ထင်မှတ်မိပေ၏။ ဤသို့ ရွှင်လန်းလျက်နေသည့်အထဲတွင် စိတ်အတွင်း၌ ဟာတာတာဖြစ်၍နေ၏။ တစ်စုံတစ်ခုမှာ မပြည့်စုံသကဲ့သို့ ဖြစ်နေပေ၏။ လွမ်းသလိုလို ဘာလိုလို၊ ဘယ်လိုနေမှန်းမသိ ဖြစ်နေပေ၏။ ဤသို့ဖြစ်ပြီး စဉ်းစားရင်းပင် အိမ်သို့ ပြန်လာခဲ့လေသတည်း။

အနီးအနားရှိ သစ်ပင်တို့မှ ပုရစ်အစရှိသော ပိုးမွှားတို့ကလည်း မြူးထူးအော်ဟစ်နေကြ၏။ အိမ်ရှေ့ တမာပင်ပေါ်တွင်လည်း ဒီးဒုတ်တစ်ကောင်သည် တစ်မိနစ်တွင်တစ်ကြိမ် မှန်မှန်မြည်လျက်နေ၏။ အိမ်တွင် ပေါက်ဖွားကြသော ကြောင်ကလေးသုံးကောင်မှာလည်း ကျလျက်နေသော လုံချည်စကိုဆွဲကာ ကစားနေကြလေသတည်း။

မောင်လူအေးလည်း သတင်းစာကို တစ်ရွက်ပြီးတစ်ရွက် လှန်ကာလှန်ကာဖတ်လျက်နေ၏။ အတန်ကြာလျှင် မိတ်ဆွေ မောင်သောင်းဖေ ထိမ်းမြားကြောင်းကို တွေ့မြင်ရ၏။ ဤအကြောင်းကို ဆုံးအောင်ဖတ်ပြီးနောက် သတင်းစာကို ကြမ်းပေါ်သို့ ပစ်ချလိုက်၏။ မိမိရှပ်အင်္ကျီအိတ်ထဲမှ ပိုက်ဆံနှစ်ပြားကိုထုတ်ကာ မေးစေ့တွင်ပေါက်လျက်နေသော မုတ်ဆိတ်မွေးအတိုကလေးများကို ညှပ်ကာညှပ်ကာ နှုတ်လျက်နေ၏။ မျက်နှာကား ကြယ်တွေအစုံဖြင့် ထွန်းလင်းလျက်နေသော ကောင်းကင်သို့မော့နေ၏။ သို့ရာတွင် မောင်လူအေးမျက်စိထဲ၌ကား လကိုလည်း မမြင်၊ ကြယ်အပေါင်းကိုလည်း မမြင်၊ မိုးကောင်းကင်ကိုလည်း မမြင်။ ဘာကို စဉ်းစား၍နေပါသနည်း။

မိတ်ဆွေ မောင်သောင်းဖေမှာ ထိမ်းမြားပြီးပေပြီ။ မိမိလည်း အချိန်တန်၍ အရွယ်ရောက်ပေပြီ။ အရွယ်ရောက်ရုံမျှမက အရွယ်ပင် လွန်ပြီဟူ၍ဆိုသူများက ဆိုကြလေသည်။ မိန်းမယူလျှင် အဘယ်သို့သော မိန်းမမျိုးကိုယူရအံ့နည်း။

ဦးဘိုးသောင်း၏သမီး မလှတင်သည် ရုပ်ရည်ရူပကာယ အလွန်လှပသော မိန်းကလေးဖြစ်၏။ အသက်လည်းငယ်၏။ ချစ်စဖွယ်လည်းကောင်း၏။ သို့သော် ဦးဘိုးသောင်း၌ ပိုက်ဆံတစ်ပြားမျှမရှိ။ မိမိကပင် စိန်နားကပ်၊ စိန်လက်ကောက်၊ စိန်ကြယ်သီးတို့ကို ဝယ်ပေးရမည် ဖြစ်ချေသည်။ မဝတ်ချင်လျှင်ကောင်း၏။ မဝတ်ချင်မှာလည်း မဟုတ်။ မိန်းမဟူက ဝတ်ချင်သူချည်းဖြစ်လေသည်။ တစ်ယောက်နှင့်တစ်ယောက် ဂုဏ်ပြိုင်နေသူများဖြစ်ကြ၏။ စိန်ဝတ်ချင်ရုံမျှမက မော်တော်ကားစီးချင်ပေဦးမည်။ အိမ်ကိုလည်း ခမ်းခမ်းနားနားဆင်ချင်ပေဦးမည်။ မိမိရသောလခမှာလည်း များလှသည်မဆိုနိုင်။ ထိုလခနှင့် လောက်နိုင်ရန် အကြောင်းအမြင်။ “အေးစေလိုလို့ တရားနာ၊ ပူဇာစအကျိုး” ဆိုသောစကားကဲ့သို့ မအေးရသည့်အပြင် မယားအတွက်၊ သားအတွက် ပူပင်စရာတွေ များလာရန်အကြောင်းရှိ၏။ ဤသို့ အပူအပင်တွေ များလာရသည်ထက် ယခုလို လူပျိုကြီးလုပ်နေရသည်ကပင် ကောင်းသေး၏။

ဦးရွှေဘိုးကား အလွန်ချမ်းသာကြွယ်ဝသော မြေပိုင်ရှင်ကြီးတစ်ဦး ဖြစ်လေသည်။ သားသမီးဆို၍လည်း မစိုးခင်တစ်ယောက်တည်းသာ ရှိ၏။ ဥစ္စာပစ္စည်းအတွက် အနည်းငယ်မျှ စိုးရိမ်ရန်မရှိ။ စိတ်အေးလက်အေးနှင့် လုပ်ကိုင်စားသောက်ရုံရှိလေသည်။ သို့သော် မစိုးခင်မှာ အလွန်အရုပ်ဆိုးသည်ဟု ကြားရ၏။ ဤသို့ အရုပ်ဆိုးသော မယားနှင့် အတူတူ ပွဲလမ်းသဘင်သို့ ယှဉ်တွဲ၍သွားမည်ဆိုလျှင် သူတကာ ကဲ့ရဲ့စရာအကြောင်းမြင်၏။ မောင်လူအေးမှာ ငွေမက်သော သိုက်သမားပါကလားဟူ၍ဆိုမည်ကို စိုးရိမ်ရန်အကြောင်းလည်းရှိလေသည်။ သူတကာကဲ့ရဲ့မည်ကို မစိုးရိမ်ရစေကာမူ ကြေးငွေပေါများ ကြွယ်ဝသူ၏သမီးဖြစ်သောကြောင့် မိမိအပေါ်၌ မယားက အနိုင်ကျင့်မည်ကိုလည်း စိုးရိမ်ရန်ရှိသေး၏။ မိမိဩဇာမရှိ၊ မယား၏ဩဇာပဲ လွှမ်းမိုးမည်ကိုလည်း စိုးရိမ်မကင်းဖြစ်မိ၏။

ဝန်ထောက် ဦးသော်တာ၏ သမီး မခင်လတ်မှာ ရုပ်လည်းသင့်တင့်၏။ ဦးသော်တာမှာလည်း ကြေးငွေအတော်အတန်ပေါများ၏။ သို့ရာတွင် ဝန်ထောက်ကတော်ကြီး မရွှေမှာ အလွန်စက်အလှည့်ကောင်းသည်ဟု ကျော်ကြားလေသည်။ သူ့သမီးကိုယူလျှင် သူ့စက်အလှည့်ကိုခံရမည်ကား မလွဲတည်း။

သူဌေးဦးကြွယ်၏သမီး မလှတင်မှာ ရုပ်လည်းချော၊ သဘောလည်းကောင်း၊ အပြောလည်းပါ၏။ ဆိုစရာမရှိပြီ။ သို့သော် မလှတင်၏အစ်ကို မောင်တင်မောင်မှာ အလွန်ရမ်းကားသော အရက်သမားဖြစ်၏။ အပျော်အပါးလိုက်ပြီးလျှင် သူတကာနှင့်လည်း မသင့်မတင့်ဖြစ်၏။ ဤလူမျိုးနှင့် ယောက်ဖတော်ရလျှင် နေရာမကျ။

စက်သူဌေး ဦးဒါလီ၏သမီး မသောင်းတင်မှာ အလွန်တော်သည်ဟူ၍ သတင်းကြားရလေသည်။ ဥစ္စာပေါ၊ သဘောကောင်း၊ အပြောပါ၊ ရုပ်လည်းချော၊ အလွန်ပင် သင့်တင့်လှပေ၏။ သို့သော် ဦးဒါလီသည် မိမိမယားကြီး သေဆုံးပြီးနောက် များမကြာမီ မယားငယ်တစ်ယောက်ယူ၏။ ထိုမယားမှာ မိမိသမီး မသောင်းတင်ထက်ပင် သုံးနှစ်ငယ်သေးသည်ဟု ကြားရ၏။ ဤသို့ မယားငယ်ငယ်လေးကို ယူထားသော အဘိုးကြီးအား ယောက္ခမတော်၍ နေရာမကျ။

ပွဲကတော်ကြီး ဒေါ်သိန်းမေမှာ မိမိယောကျ်ားဆုံးသွားပြီးနောက် ပစ္စည်းအမြောက်အမြားနှင့် သမီးကလေးတစ်ယောက်သာ ကျန်ရစ်ခဲ့၏။ သမီးရော မအေပါ သဘောလည်းကောင်း၏။ သူတကာကိုလည်း ချစ်ခင်တတ်၏။ အရုပ်နှင့်လည်း သင့်တင့်၏။ ပြောစရာဘာတစ်ခုမရှိ၊ မအေးကြည်ကလေးနှင့်ရလျှင် နေရာကျပြီ။ သို့သော် ဒေါ်သိန်းမေ၏ ဆွေမျိုးတို့မှာ အလွန်နှုတ်သီးကောင်း ဓားထက်သည့်အပြင် အမျိုးလည်း ကောင်းကောင်းမသန့်ဟု တီးတိုးစကားပြောသံကြားရ၏။

ဤသို့ တွေးတောစဉ်းစားနေသည်အတွင်း မိုးကောင်းကင်တွင် တိမ်တိုက်ကြီးသည် အနောက်ဘက်မှတက်၍လာပြီးလျှင် လမင်းကို ဖုံးကွယ်လိုက်၏။ ဧရာဝတီမြစ်အတွင်း ငှက်ခတ်သွားသော အသံကို ခပ်မှန်မှန်ကြားရ၏။ အိမ်ရှေ့ တမာပင်အထက်မှ ဒီးဒုတ်မှာလည်း တစ်မိနစ်တစ်ကြိမ် အစဉ်အတိုင်း မှန်မှန်ပင်မြည်လျက်ရှိနေသေး၏။ တောင်ဘက်ရှိ နယ်ပိုင်ဝန်ထောက် အိမ်မှာလည်း “ဦးကလိန်သီချင်း” ဓာတ်ပြားဖွင့်နေသည်ကို သဲ့သဲ့ကလေး ကြားနေရ၏။ ထိုအသံများသည် မောင်လူအေး၏ စိတ်ထဲတွင် ဝေး၍ဝေး၍ သွားကြလေကုန်၏။ အတန်ကြာလျှင် လုံးလုံးပင်ပျောက်၍သွားကြ၏။ မောင်လူအေးလည်း ပက်လက်ကုလားထိုင်ပေါ်တွင် တရှူးရှူးနှင့် အိပ်ပျော်လျက်နေတော့သည်။

ဤစည်းစိမ်ထက် အဘယ်စည်းစိမ် သာနိုင်ပါအံ့နည်း။

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာ၊ ဂန္ထလောက။

## ပေါ်တိုကွင်းလယ်ကစားသမား ဗီတင်ဟာကို ပီအက်စ်ဂျီအသင်းက ပေါင် ၃၄ သန်းဖြင့် ခေါ်ယူ



ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဟာ ပေါ်တိုအသင်းကွင်းလယ်ကစားသမား ဗီတင်ဟာကို ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်း(ယူရိုသန်း ၄၀)နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

**ပွဲစဉ်စုစုပေါင်း ၂၂ ပွဲပါဝင်**

ပီအက်စ်ဂျီအသင်းဟာ ကွင်းလယ်ကစားသမား ဗီတင်ဟာကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့တာဖြစ်ပြီး ဗီတင်ဟာအနေနဲ့ ၂၀၂၀-၂၀၂၁ ဘောလုံးရာသီအတွင်းက ဝုလ်ဗဟက်အသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့တာ ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမားဗီတင်ဟာအနေနဲ့ ဝုလ်ဗဟက်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၂ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဗီတင်ဟာဟာ ပြီးခဲ့တဲ့ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီမှာတော့ ပေါ်တိုအသင်းဆီ ပြန်လည်ရောက်ရှိခဲ့ပြီး ပေါ်တိုအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၇ ပွဲ ပါဝင်ကစားပေးခဲ့ကာ ပေါ်တူဂီ ပြည်တွင်းဖလားနှစ်လုံးကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ နူနိုမန်ဒက်စ်ကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပြီးဖြစ်တာကြောင့်ကွင်းလယ်ကစားသမား ဗီတင်ဟာဟာ ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ပီအက်စ်ဂျီအသင်း ခေါ်ယူခဲ့တဲ့ ဒုတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ဘယ်နောက်ခံကစားသမား နူနိုမန်ဒက်စ်ကိုတော့ ပေါ်တူဂီကလပ်စပိုတင်းလစ္စဘွန်းအသင်းဆီကနေ ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ်

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲအဖြစ် မြန်မာနှင့် ဘရူနိုင်း ယနေ့ကစားမည်

ရန်ကုန် ဇူလိုင် ၁

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇူလိုင် ၂ ရက် (ယနေ့)တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အုပ်စုပထမနေ့အဖြစ် အုပ်စု(က) သုံးပွဲကျင်းပမည်ဖြစ်ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် ဘရူနိုင်း၊ ညနေ ၄ နာရီခွဲတွင် ထိုင်းနှင့် ဖိလစ်ပိုင်၊ ည ၈ နာရီတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ တီမောနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသည်။ အဖွင့်ပွဲစဉ်တွင် ဘရူနိုင်းအသင်းနှင့်ကစားရမည်ဖြစ်ပြီး အနိုင်သုံးမှတ်နှင့် ဂိုးများများသွင်းယူထားနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းအနေဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှားတို့နှင့် ပွဲစဉ်များမှာ အရေးကြီးသော်လည်း ဘရူနိုင်း၊ ဖိလစ်ပိုင်တို့နှင့်ပွဲများတွင်လည်း အမှားအယွင်းမရှိ အမှတ်ပြည့်ရယူထားနိုင်ရန်လိုအပ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်စု(က) အသင်းများအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့ရာ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းအသင်းတို့မှ နည်းပြများ တက်ရောက်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက "ကျွန်တော်တို့အသင်းဟာ ဒီပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်ချိန် ကိုးပတ်ရခဲ့ပါတယ်။ အုပ်စု(က)ဟာ အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်တယ်။ ဒါပေမဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ"ဟု ပြောသည်။

ကိုညီလေး

## GW-11 အထွက်ကောင်းမျိုးစပါး အစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ရေတာရှည် ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သဥပြေတန်ကျေးရွာ ကွင်းအမှတ် ၆၄၈ ရှိ တောင်သူဦးပုံ၏ လယ်မြေသုံးဧကတွင် အထွက်ကောင်းမျိုးသန့် GW-11 စပါးမျိုးအား အစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်မင်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

တောင်သူများ မိုးစပါးစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးစပါးတစ်တင်းခွဲမှ နှစ်တင်းနှုန်းကြဲပက်ကြသည့်အခါ စိုက်ဧကအနည်းအများပေါ်မူတည်၍ မျိုးကုန်ကျမှုစရိတ်များ မြင့်တက်လျက်ရှိသည်။ ယခုကဲ့သို့ အစေ့ချကိရိယာဖြင့် စိုက်ပျိုးရာ တစ်ဧကစပါးမျိုးရှစ်ပြည်သာ ကုန်ကျသည့်အပြင် မျိုးကုန်ကျစရိတ် များစွာသက်သာသည်ကို တွေ့ရသည်။

မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသည် မျိုးစေ့ဖိုးကုန်ကျမှုသက်သာခြင်း၊ အတန်းလိုက်စိုက်ပျိုးခြင်း ဖြစ်၍ ပိုးမွှားရောဂါ၊ ပေါင်းမြက်များအလွယ်တကူ ရှင်းလင်းနိုင်ခြင်း၊ ရေ၊ နေရောင်ခြည်နှင့် လေကို အပင်မှကောင်းစွာရရှိခြင်း၊ အမြစ်များကြီးထွားဖွံ့ဖြိုးမှုမြန်ပြီး ရေကြီးနစ်မြုပ်ခြင်းနှင့် ရေဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေခြင်း စသည့်အကျိုးကျေးဇူးများ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ကိုလွင်(ဆွာ)



○ **MNL အမှတ်ပေးမှ**

ပွဲစဉ်(၁)တွင် အနိုင်ရခဲ့သည့်အသင်းများအနက် ရန်ကုန်နှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး MNL ပြိုင်ပွဲစတင်ကတည်းက ပြိုင်ဘက်များဖြစ်ခဲ့သည့် အသင်းနှစ်သင်း၏ ထိပ်တိုက်တွေ့ဆုံမှုကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် မဟာအသင်းနှင့် တွေ့ဆုံနေသဖြင့် နိုင်ပွဲထပ်မံရယူနိုင်ဖွယ်ရှိနေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာလည်း တန်းတက် GFA အသင်းကို ထပ်မံကျော်ဖြတ်နိုင်ဖွယ်ရှိနေသည်။

**ရှုံးပွဲကြုံ**

ပွဲစဉ်(၂)တွင်လည်း အသင်းများ၏ ပုံမှန်ခြေစွမ်းကို ခန့်မှန်းရခက်ခဲနိုင်ပြီး အနိုင်ရထားသည့်အသင်းများ၏ နိုင်ပွဲဆက်ရေးကြိုးပမ်းမှုနှင့် ရှုံးပွဲကြုံတွေ့ထားသည့်အသင်းများ၏ နိုင်ပွဲရရှိရေး ရုန်းကန်မှုများကြောင့် မထင်မှတ်သည့်ရလဒ်များလည်း ထွက်ပေါ်လာနိုင်သည်။

ပွဲစဉ်(၁)တွင် ရတနာပုံ၊ ရှမ်းယူနိုက်တက်၊ အားကာသိပ္ပံ၊ ဟံသာဝတီနှင့် ရန်ကုန်အသင်းတို့ နိုင်ပွဲရခဲ့ပြီး ရခိုင်၊ မြဝတီ၊ ဧရာဝတီ၊ GFA နှင့် မဟာယူနိုက်တက်အသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

ကိုညီလေး


**ကန့်ကွက်နိုင်ပါကြောင်း**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ပန်းလှိုင်၊ မြေကွက်အမှတ်-၁၂၄/၂၊ ဧရိယာ (၀.၂၄၇)ဧက၊ နှစ်(၆၀)မြေငှားစာချုပ်၊ အမည်ပေါက်မှာ ဒေါ်ဇာခြည်တင် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား မြေနှင့်အဆောက်အဦ အပြီးအပိုင် အရောင်းအဝယ် စာချုပ် (၁၉၄၆/၂၀၂၁)၊ နေ့စွဲ (၂၂-၆-၂၀၂၁) တင်ပြ၍ ဝေါင်ကျုံးပိန်း(ခ)ဦးဇော်မြင့် [၁၂/ပဘတ(ဧည့်) ၀၀၀၆၂၂]၊ ဒေါ်မိုးသက်ခိုင် [၁၄/ဟသတ(နိုင်)၀၄၆၉၄၉] အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ ( ) ဧက၊ မြေကွက်အမှတ်-ပ-၂၁၁(အေ)) ဦးသန်းထွန်း အဖအမည် ဦးစံမောင် [၁၄/ကကန(နိုင်)၀၀၂၇၄၉] အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဟန်ဝင်းအောင် အဖအမည် ဦးစိန်ဝင်းအောင် [၉/မနမ(နိုင်)၀၀၂၃၂၆]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ( ) ဧက၊ မြေကွက်အမှတ် (ပ-၁၄၆ A) ဦးလှတိုး အဖအမည်၊ ဦးသန်းဖေ [၁၂/မဂဒ(နိုင်)၀၀၄၃၆၈] အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဟန်ဝင်းအောင်၊ အဖအမည်၊ ဦးစိန်ဝင်းအောင် [၉/မနမ(နိုင်)၀၀၂၃၂၆] မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၇)လမ်း၊ တိုက်အမှတ်(၂၀၄)၊ ခေါင်းရင်းခန်း၊ မြေညီထပ်(ထပ်ခိုးပါ)၊ အကျယ်အဝန်း(၂၀ပေx၅၅ပေ)အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ယင်း၂ခန်းတွဲ(၆)ထပ်တိုက်၏ မြေပိုင်ရှင်ခံစားခွင့်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်လွင်မာတင်(၁၂/ဥကတ(နိုင်)၀၇၈၇၂၇)၊ ဒေါ်စိမ်းမမတင်(၁၂/ဥကတ(နိုင်)၀၇၉၅၈၁)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေ လွှဲအပ်ညွှန်ကြားချက်အရ - အထက်တန်းရှေ့နေများ

ဒေါ်မေမြတ်ချိန် LL.B,D.B.L (စဉ်-၁၁၃၁၁)
ဒေါ်ဝတ်ရည်ဌေး LL.B,LL.M (စဉ်-၃၆၉၁၇)
ဦးရဲသီဟ LL.B (စဉ်-၃၁၅၉၇)

ရုံးချုပ် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 01 - 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ - အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 01 - 552742, 01- 559320, 01-8603230, 01-8603231
Email - soesanrealestate@gmail.com

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

